သာသနာရေး၊နိုင်ငံတော်ကြီးပွါးရေးနှင့်
ဝါဒဖြန့်ချိရေးဝန်ကြီး

ဗန္ဓုလ ဦးခင်

အသံလွှင့်သော

# ဗမာသစ် ဖန်တီးရေး။

---

ဗမာနိုင်ငံတော်အစိုးရ
သာသနာရေး၊နိုင်ငံတော်ကြီးပွါးရေးနှင့်ဝါဒဖြန့်ချိရေးဌာန
ဗမာ့ဝန်ထမ်းဌာနခွဲက ထုတ်ဝေသည်။

ဤစာအုပ်ငယ်တွင်ပါသောဗမာသစ်ဖန်တီးရေး လုပ်ငန်း အစီအစဉ်တို့ဖြင့်၊ ဗမာတို့၏ ဟောင်းနွမ်းပျက်စီးနေသော ကျန်းမာရေး၊ ပညာရေး၊ စီးပွါးရေးတို့ကို အသစ်ပြုပြင်စီမံတော့အံ့။

ဗမာ ဟူသည်ကား၊ ဗမာနိုင်ငံတော်၏ သွေး သား များ ဖြစ် ကြ ကုန် သော ဗမာ၊ ရှမ်း၊ ကရင်၊ ကချင်၊ တောင်သူ အစရှိ သည့် တိုင်း ရင်း သား အား လုံး ပင် ဖြစ်သည်။

ဤလုပ်ငန်းကြီးထမြောက်အောင်မြင်ရေးသည်၊ ဗမာ တမျိုးလုံး၏ တာဝန်ဖြစ်သည့်အတိုင်း၊ အာဏာရှင် အဓိပတိကြီး၏ ညွှန်ကြားရာသို့ လိုက်ပါနိုင်ကြရန် အသင့်ပြင်ထားကြကုန်လော့။

ဝန်ကြီး မန္တလေးဦးစိန် အသံလွှင့် မြွက်ကြားသော

# ဗမာသစ် ဖန်တီးရေး။

---

ကျန်းမာရေး၊ ပညာရေး၊ စီးပွါးရေး၊ ရာဇဝင်ကြွေးတွေ
ဘယ်လိုဆပ်မလဲ။

---

တပ်ကြီး ၁၀ တပ်ဖွဲ့ပြီး၊ ဗမာတမျိုးလုံးက ဝိုင်းဆပ်။ ။
တလမှာ နေ့တနေ့ရွှေး။

---

လူဦးရေတိုးပွါးပြီး၊ အသက်တန်းစေ့နေရမည်။ ။နောက်ထပ်
ကြွေးမတင်နိုင်တဲ့ ဗမာသစ်၏အင်္ဂါမြစ်ကြီး ၆ ခု။ ။
(အစား၊ အဝတ်၊ အိမ်) ပြည့်စုံရမည်။ ။
အိုးအိမ်မဲ့ မဖြစ်ရ။

---

ကျန်းမာရေးဘက်က တင်နေတဲ့ ရာဇဝင်ကြွေး။

ယနေ့ဟောရမဲ့တရားကတော့၊ '' သတိမမူ ဂူကို မမြင်။ သတိမူရင် မြူကိုပင် မြင်နိုင်တယ် ''ဆိုတဲ့ တရားဘဲ။ ကျုပ်တို့ ဗမာတွေ အနှစ်နှစ် အလလ၊ မေ့မေ့လျော့လျော့ နေလာလိုက်ကြဒါ၊ အချိန်တွေ ရွေ့နေသလောက်၊ ကျုပ်တို့တတွေရဲ့ အပေါ်မှာ ရာဇဝင်ကြွေးတွေကလဲ တက်ပြီးရင်း တက်ရင်း ဖြစ်နေကုန်ကြပြီ။

ရာဇဝင်ကြွေးတွေ အကြောင်းကို ပြောလို့၊ ဒီရာဇဝင်ကြွေးတွေဟာ ဘာတွေလဲဆိုဒါကို သိချင်ကြလိမ့်မယ်။ ခပ်တိုတိုနဲ့ အကျဉ်းရုံးပြီး ပြောရမယ်ဆိုရင်၊ ကျန်းမာရေးမှာ ကျုပ်တို့ဗမာတွေ ချို့ယွင်းနေကြဒါလဲ၊ ရာဇဝင်ကြွေး တင်ဒါဘဲ။ ပညာရေးမှာ ညံ့ဖျင်း နေကြဒါလဲ၊ ရာဇဝင်ကြွေး တင်ဒါဘဲ။ စီးပွါးရေးမှာ အောက်ကျ နောက်ကျ ဖြစ်နေကြဒါလဲ၊ ရာဇဝင်ကြွေး တင်ဒါဘဲ။

## ကြေးကြွင်းမထားရ၊အမြစ်ပါ သုတ်သင်။

အားလုံး သိကြတဲ့ အတိုင်း၊ ကြေးတက်လာပြီဆိုမှဖြင့်၊ ပဌမဦးဆုံး ရှိဒဲ့ အဝတ်အစားကလေးတွေ ကုန်။အဲ့ဒါကို သတိမရကြသေးဘဲ ခပ်ပေါ့ပေါ့ဆဆ ပျင်းနေကြအုံးမယ်၊ ဖျင်းနေကြအုံးမယ်၊ အပျော်အပါးဟွေကို လိုက်စားနေကြအုံးမယ်ဆိုရင်၊ ဒီကြေးရဲ့ နောက်ကို လက်ဝတ်လက်စား၊ ရွှေတိုငွေစကလေးတွေ လိုက်ကြပြန်ရော။အဲ့ဒါနဲ့မှ သတိမရကြသေးရင်၊ကိုယ်နေတဲ့အိမ်ပေါ်က ခါးကော့ ဆင်းရပြီ။ ချောင်ကြိုချောင်ကြား၊ ဇရပ်ကြို ဇရပ်ကြားမှာ လူချင်းမတူ သူချင်းမမျှ ဘဲ၊ လူ့ဘဝ တုံးကြရဒါဘဲ မှုတ်ဘူးလား။ ဒါကြောင့် (ကြေးကြွင်း၊ မီးကြွင်း၊ ရန်ကြွင်း မထားရ။ အမြစ်ပါ သုတ်သင်ရမယ်) လို့ နီတိဆရာကြီးက ဆိုဒါဘဲ။

## ကြေးကြွင်းထားခဲ့လို့ ဗမာတွေ ကျွန်သက်ရှည်ခဲ့တယ်။

ကျုပ်တို့တတွေလဲ၊ ဟိုတုန်းကစပြီး ပျင်းခဲ့ ဖျင်းခဲ့ကြလို့၊ အပျော်အပါးနဲ့သာ အချိန်ကုန်ခဲ့ကြလို့၊ ကိုယ့်အပေါ်မှာ ရာဇဝင်ကြေးတွေ တက်နေတယ်ဆိုဒါကို သတိမရကြဘဲ၊ အမှုမဲ့ အမှတ်မဲ့ နေခဲ့ကြလို့၊ ဗမာတမျိုးလုံးဟာ ကိုယ့်အိမ်ကြီးကို အင်းဂလိပ်လက်ထဲ အပ်ပြီး၊ အိမ်ပေါ်က ခါးကော့ဆင်းခဲ့ကြရပြီ မှုတ်ဘူးလား။ အင်းဂလိပ်တွေက ခပ်ခန့်ခန့်ကြီး အိမ်ဦးက ထိုင်ပြီး၊ဗမာ့အဆီကိုစား၊ဗမာ့အသားကို မျိုနေတဲ့အခါမှာ၊ကျုပ်တို့ ဗမာတွေဟာ၊အိမ်ကြို အိမ်ကြား၊ဇရပ်ကြို ဇရပ်ကြားမှာ၊လူချင်းမတူ၊သူချင်းမမျှဘဲ၊ အနှစ်ငါးဆယ်ကျော်ကျော် လူ့ဘဝကို ရှုံးခြင်းကြီး မက ရှုံးခဲ့ကြရပြီ မှုတ်ဘူးလား။

## ကျားနဲ့၊မိကျောင်းနဲ့ နဘမ်းလုံးဝံ့သူ။

အဲဒီ အနှစ်ငါးဆယ်ကျော်အတွင်းမှာ၊ကျုပ်တို့ဗမာတွေ ဘယ်လို လူ့ဘဝ ရှုံးခဲ့ကြရတယ်ဆိုဒါ၊ နဲနဲကလေး အသေးစိပ်ပြီး ကြည့်လိုက်ကြရအောင်။ ဗမာ့ ရာဇဝင်မှာ ထင်ရှားခဲ့တဲ့ အနန္တသူရိယဆိုဒါ ကြားဘူးကြမှာပေါ့။ ကျားနဲ့ဆိုလဲ တယောက်ချင်း သတ်ခဲ့တယ်။ မိကျောင်းနဲ့ဆိုလဲ တယောက်ချင်းသတ်ခဲ့တယ်။ ဒီလိုသတ်နိုင် ဖြတ်နိုင်တို့ဟာ၊ဘယ်လိုခွန်အားဗလ လိုဒယ်ဆိုဒါကို တွေးကြည့် သိနိုင်ကြဒါဘဲ။ ခါးချိကလေးတွေနဲ့ နံရိုးဖြိုင်းဖြိုင်း ထနေဒါကလေးတွေ၊ ယော အတွင်းဝန် ဦးလှိုင်ပြောဒဲ့ စစ်အတိုက်ခိုင်းစရာမကောင်း၊ ဘက်နမ်းချင်စရာသာ ကောင်းဒါကလေးတွေဆိုရင်၊ကျားနဲ့ မိကျောင်းနဲ့ တယောက်ချင်း သတ်ဘို့ဆိုဒါ ဝေးလို့၊ဘေးကတောင် မသီရဲဘူးဆိုဒါကို အထူးပြောစရာမလိုဒေါ့ ပါဘူးနော်။

## အာဇာနည်လေးယောက်နဲ့ တပ်လုံးပြုတ် ချခဲ့တယ်။

ကဲ....ဒါဒင်ဘဲလား။ဘယ်ဟုတ်မလဲ၊ကျုပ်တို့ရဲ့ ဗမာ့ရာဇဝင်ကို၊နဲနဲလှန်လိုက် ကြစမ်းပါအုံး။ငထွေးရှူး၊ ငလုံးလက်ဖယ်၊ ညောင်ဦးဘီး၊ ကျန်စစ်သား၊ တကဲ့



ရဲရဲတောက် အာဇာနည်တွေပါဘဲ။ ကွန်းစစ်သည်တော်တွေ ပုန်ကန်လို့၊ ဥသာ ပဲခူးမင်းက အနော်ရထာမင်းဆီမှာ စစ်ကူ တောင်းဒေါ့၊ အနော်ရထာမင်းက စစ်သည်တော်လေးသိန်း လွှတ်လိုက်မယ်ဆိုပြီး၊အဲဒီ အာဇာနည်ကြီးလေးယောက် ထဲနဲ့ သူပုန်ကို နှိပ်နင်းစေခဲ့တယ်မှုတ်ဘူးလား။ တယောက်အားနဲ့ ယူသော်မရ၊ တသိန်းအားနဲ့ ယူမှ ရတယ် ဆိုဒဲ့ စကားပုံကြီးဟာ၊ ဒီ အာဇာနည်ကြီးတွေ လေးယောက်ရဲ့ လက်ထဲမှာ ဦးစောက် ပြောင်းပြန်ဖြစ်ခဲ့ရဒါဘဲ။ခါးချိကလေးတွေ နံရိုးပေါ်ကလေးတွေ ဘက်နမ်းချင်စရာ ကောင်းဒါကလေးတွေသာ ဆိုရင်၊ လေးသိန်းမပြောနဲ့၊ လေးသန်းလွှတ်လိုက်တောင် ပြုတ်ပြုတ်ပြန်း ရမှာကိစ္စကြီးကို၊ ဒီအာဇာနည်ကြီးလေးယောက်ထဲနဲ့ နှိမ်နင်းခဲ့တယ်။

သူတို့ရဲ့ တယောက်ချင်းခွန်အားဗလကို ကြည့်ပြန်လဲ၊ ငထွေရှူးဆိုဒါ ထန်း တထောင်ကို မဆင်းဘဲနဲ့ အပင်ခြင်းလွှဲပြီး ကူးနိုင်ခဲ့တယ်။ ငလုံးလက်ဖယ် ဆိုဒါ ကဒေါ့၊ လူ ၃၀ ထွန်ရဒဲ့ ထွန်တုံး ၃၀ ကို၊ တယောက်ထဲနဲ့ ပြီးအောင်ထွန် နိုင်ဒယ်။ ညောင်ဦးဘီး ဆိုဒါက၊ညောင်ဦး ကမ်းပါးစောက်ကြီးပေါ်ကပြေးဆင်း၊ ဧရာဝတီမြစ် တဘက်ကမ်းကို ရောက်အောင်ကူး၊ တဘက်ကမ်း ရောက်ပြန်ဒေါ့ မနားဘဲ ခြေနဲ့ တို့ရုံသာ တို့ပြီးဒေါ့၊ ညောင်ဦးကမ်းဘက်ကို ပြန်ကူးလာပြီး၊ ညောင်ဦး ကမ်းပါးစောက်ကြီးကို ပြေးတက်နိုင်ဒယ်။ ကျန်စစ်သားကဒေါ့ ဆင်တ ရပ်လောက်မြင့်ဒဲ့ ရှောက်ဆူး ခြံကြီးကို ခုန်ဝင် ခုန်ထွက် လုပ်နိုင်ဒယ်။ ဘယ့် လောက် ကျန်းမာတောင့်တင်း၊ ခွန်အားဗလနဲ့ပြည့်စုံဒဲ့ ဗမာကြီးတွေလဲ။

## အင်းဂလိပ်ကို ဝါးရင်းဒုတ်နဲ့ နှိမ်ခဲ့တဲ့ ဗမာ။

ဘကြီးတော်ဘုရားလက်ထက် ဟိုင်းကြီးကျွန်းမှာ ပုန်ကန်သောင်းကျန်းနေဒဲ့ အင်းဂလိပ်တွေကို၊ အခြားလက်နက်မပါ၊ဝါးရင်းဒုတ်နဲ့သာ သွားရောက်နှိမ်နင်း သုတ်သင်ခဲ့ဒဲ့ကျုပ်တို့ရဲ့ဗမာစစ်သည်တော်ကြီးများကြည့်ခြင်းအားဖြင့်လဲ၊ ကျုပ်တို့ ဗမာတွေဟာရှေးအခါက ခါးချိကလေးတွေ၊နံရိုးပေါ်ကလေးတွေ၊ဘက်ပြီး နမ်းချင် စရာကလေးတွေမဟုတ်တဲ့အကြောင်းကို၊လယ်ပြင်မှာ ဆင်သွားသလို၊ထင်ရှားစွာ တွေ့နိုင်ကြဒယ် မှုတ်ဘူးလား။မဟာဗန္ဓုလကြီးကိုလဲ မမေ့ကြနဲ့အုံးနော်။ထွေးစီး တွေနဲ့လက်မှာကပ်နေဒဲ့ဒါးကြီးကို ရေစိမ်ပြီးခွါယူရအောင်၊ သုံးရက်တိုင်တိုင် မ ဆုတ်မဆိုင်းဘဲနဲ့ အင်းဂလိပ်တွေကို ခုတ်ပိုင်းသတ်ဖြတ်နိုင်ဒဲ့အင်အားကြီးဟာလဲ နဲဒဲ့အင်အားကြီးမဟုတ်ဘူး။

ကျုပ်တို့တတွေဟာ အနန္တသူရိယ ရဲ့သွေးတွေ၊ ငထွေးရှူး၊ ငလုံးလက်ဖယ်၊ ညောင်ဦးဘီး၊ကျန်စစ်သားရဲ့သွေးတွေ၊မဟာဗန္ဓုလကြီးရဲ့ သွေးတွေဖြစ်ပါလျက်နဲ့၊ ကျုပ်တို့လက်ထက်မှာ ခါးချိကလေးတွေ၊ နံရိုးပေါ်ကလေးတွေ၊ ဘက်နမ်းချင်စရာ ကလေးတွေဖြစ်ရဒါဟာ၊အခုပြောခဲ့ဒဲ့ရာဇဝင်ကြေးတွေတင်ဒါဘဲ။

ခါးချိကလေးတွေ၊ နံရိုးပေါ်ကလေးတွေ၊ ဘက်နမ်းချင်စရာ ကလေးတွေဆိုတဲ့ ကြွေးတွေသာ မကသေးဘူး၊ တခြားကြွေးတွေလဲ ရှိကြသေးဒယ်။ အခုပြောမဲ့ကြွေးတွေက ခုတင်ကပြောခဲ့တဲ့ကြွေးတွေထက် ပိုပြီးဆိုးသေးဒယ်။ဆပ်ကြဘို့သာပြင်ထားကြပေတော့။

## ခလေး ( ၁၀၀၀ ) မွေး၊ ( ၂၀၅ ) ယောက်သေ။

ဗမာပြည်မှာ ခလေးတထောင်မွေးရင် ဘယ်လောက်ပျက်စီးတယ် ထင်ကြသလဲ။ ဖျမ်းမျှခြင်းအားဖြင့်ဆိုရင် ( ၂၀၅ ) ယောက်လောက် ပျက်စီးဒယ်။ တနှစ်တနှစ်ကို ဗမာပြည်မှာခလေးတွေ လေးသိန်း ကိုးသောင်းလောက်မွေးဒယ်။တထောင်မွေးရင်၊ဖျမ်းမျှခြင်းအားဖြင့် ခလေးပေါင်း နှစ်ရာ့ငါးယောက် သေဒယ်ဆိုတော့၊ဗမာပြည်မှာမွေးပြီး ပျက်စီးကြတဲ့ ခလေးတွေရဲ့ အရေအတွက်ဟာ တသိန်း ကျော်နေပေါ့။အဲဒါက တနှစ်အောက်မှာသေကြတဲ့ ခလေးတွေရဲ့စာရင်း။ဆယ့်ငါးနှစ်အောက်မှာ ဘယ်လောက် သေကြဒယ်ဆိုဒါကို အခုထပ်ပြီးပြောအုံးမယ်။ ဗမာ့ခလေးတွေ တထောင်မွေးလိုက်ရင်၊ အဲဒီ တထောင်တဲက၊ဆယ်ငါးနှစ်ကျော်အောင် နေရဒါ၊ ဖျမ်းမျှခြင်းအားဖြင့် ( ၆၅၀ ) လောက်သာရှိဒယ်။ ( ၃၅၀ ) မှာ ပျက်စီးကြရှာဒယ်။ တထောင်မှာ သုံးရာ့ ငါးဆယ်ဆိုရင်၊ လေးသိန်း ကိုးသောင်းမှာဆိုရင်၊ ပျက်စီးကြရှာတဲ့ခလေးတွေရဲ့ အရေအတွက်ဟာ တသိန်း ခုနှစ်သောင်းကျော်နေပြီ။

## လူဦးရေနဲ့တဲ့ ရာဇဝင်ကြွေး။

ဗမာပြည်မှာတနှစ်ကို လူလေးသိန်းကျော် လောက်တိုးဒယ်။ အဲဒီလေးသိန်းကျော်ဒဲက၊ လူတသိန်း ကျော်ဟာ၊ ဆယ့်ငါးနှစ်မတိုင်မီ ပျက်စီး ကြရှာတယ်။ ဒါကြောင့်မို့ကမ္ဘာ့ လူဦးရေ စာရင်းကို ကြည့်ပါလား။အင်ဂလန်မှာ သန်းပေါင်း ( ၇၀ ) ရှိဒယ်။ပြင်သစ်မှာ သန်းပေါင်း ( ၆၀ ) ကျော်ရှိဒယ်။ ဂျာမနီမှာသန်းပေါင်း ( ၉၀ ) ကျော်ရှိဒယ်။ဂျာပန်မှာ သန်းပေါင်း ( ၁၀၀ ) ကျော်ရှိဒယ်။ကျုပ်တို့ရဲ့ဗမာပြည်ကိုကြည့်စမ်း၊ သန်းပေါင်း ( ၁၆ ) သန်းလောက်ဘဲရှိဒယ်။ အဲဒီလို လူဦးရေနဲနေရဒါလဲ ရာဇဝင်ကြွေးတင်ဒါဘဲ။

သူတို့ တိုင်းပြည်တွေမှာ ကြည့်လိုက်ရင်၊ လူဦးရေ တွေဟာ သန်း ပေါင်း ခြောက်ဆယ်၊ ခုနှစ်ဆယ်၊ကိုးဆယ်၊တရာ။အဲဒီလိုဆိုတော့၊ဒီလူတွေ အများကြီးဲက သူတို့လူမျိုးတွေ ကမ္ဘာကျော်အောင်လုပ်ဘို့အတွက်၊ လောကဓါတ်ဆရာကြီးတွေ၊ စက်မှုလက်မှုဆရာကြီးတွေ၊ စာရေးဆရာကြီးတွေ၊နိုင်ငံရေး ခေါင်းဆောင်ကြီးတွေ၊ အများကြီးပေါ်ထွက်နိုင်ဒါပေါ့။ သူတို့လူမျိုးရဲ့ လွတ်လပ်ရေးကို ထိပါးလာမယ်ဆိုပြန်လဲ အသက်နဲ့လဲပြီး၊ရင်ကို မြေကတုပ်လုပ်ခါ၊ခုခံကာကွယ် တိုက်ခိုက်နိုင်ဒဲ့၊ တပ်မတော်သားတွေလဲ တောင်ပုံ၊ရာပုံ ရနိုင်ကြဒါဘဲ။



## နိုင်ငံ၏ တကဲ့အဘိုးတန်ပစ္စည်းဟာ ''လူ''။

ဒါကြောင့် ကျုပ်တို့ရဲ့အာဏာရှင်အမိပတိကြီး၊ အမိန့်ရှိတဲ့ အတိုင်း၊တိုင်းပြည်တပြည်ရဲ့ တကဲ့ပစ္စည်းဟာ၊ဒီတိုင်းပြည်ရဲ့လူတွေဘဲ။ အမှန်မင်စစ် ပြောရရင်၊နှစ်စဉ်နှစ်တိုင်း မွေးခဲ့ကြတဲ့ ခလေးတွေ ၄ သိန်းကျော်ထဲက၊တသိန်းကျော်ကျော်၊နှစ်စဉ်နှစ်တိုင်းဆုံးရှုံးကြရဒါ၊ ကျုပ်ရဲ့စိတ်ထဲမှာ ဗမာပြည်ရဲ့လယ်တွေ အကုန်လုံးရေလွှမ်းမိုးပြီး၊ စပါးတွေ ပျက်စီးဒါရယ်၊ ကျွန်းတောကြီးတွေ၊ ပျဉ်းကတိုး တောကြီးတွေ အကုန်လုံးပြာကျကုန်ဒါတွေရယ်၊ရေနံတွင်းတွေအကုန်လုံးခန်းခြောက်ကုန်ဒါရယ်၊ အဲဒါတွေအကုန်လုံးပေါင်းဒါထက်တောင်၊ပိုပြီးနှမြောမိပါသေးဒယ်။ ဘာဖြစ်လို့လဲဆိုရင်၊ ဒီဆုံးရှုံးသွားတဲ့ ခလေးတွေထဲမှာ ဘုရင့်နောင် အလောင်း ကလေးတွေ၊ ရာဇာဓိရာဇ် အလောင်းကလေးတွေ၊ ဦးအောင်ဇေယျအလောင်း ကလေးတွေလဲ အများကြီး ပါလိမ့်မယ်။ဗန္ဓုလ အလောင်း ကလေးတွေလဲအများကြီးပါလိမ့်မယ်။ ဦးပုည အလောင်းကလေးတွေလဲ အများကြီး ပါလိမ့်မယ်။ မမြကလေး၊ရှင်စောပု အလောင်းတွေလဲအများကြီးပါလိမ့်မယ်။

ကျုပ်တို့ ဗမာပြည်မှာ တနှစ်ကို လူလေးသိန်းကျော် တိုးဒယ်။ ဆယ့်ငါးနှစ်မရောက်ခင်၊ အဲဒီတိုးဒဲ့ လူထဲကလူ တသိန်းကျော် ပျက်စီးဒယ်။ ဆယ့်ငါးနှစ်မရောက်ခင်ဆိုဒါ၊ တိုင်းပြည်နဲ့အမျိုး အတွက်အားခွန်ဗလကိုလဲ သုံးလို့မရ၊ဉာဏ်ဆိုဒါကိုလဲ သုံးလို့မရ၊ ဘာကိုမှသုံးလို့မရဘူး။

## ဗမာ့သက်တမ်း ( ၂၅ ) နှစ်တဲ့။

ကဲ....ကောင်းပြီ၊ဒါကိုခဏထားအုံး။ကျုပ်တို့ရဲ့ အပေါ်မှာရာဇဝင်ကြွေးတွေ ဘယ်လောက် တင်တယ်ဆိုဒါကို သိရအောင်၊ ဗမာ့သက်တမ်းကို ခဏစစ်ကြည့်လိုက်ရအောင်။ ဗမာ့ သက်တမ်းဟာ ဘယ်လောက် ရှိဒယ်ထင်သလဲ။ ရှစ်ဆယ်တန်းလေး၊ တရာ တန်းလေးနဲ့ ပြောနေ ကြတယ် မှတ်ဘူးလား။ အဲဒါတွေက စာတွေတွေ။အခုကျုပ်တို့ဗမာပြည်မှာကိုယ်တွေ့ဖြစ်နေကြဒါက၊ဗမာ့သက်တမ်းဟာ ဖျမ်းမျှခြင်းအားဖြင့်၊ယောကျ်ား ၁၅ နှစ်၊မိန်းမ ၂၄ နှစ်သာရှိတော့ဒယ်။ဒါတွေဟာ အသလွတ် တွေ့ကရာတွေကိုလျှောက်ပြီးပြောနေဒါမှတ်ဘူး။အစိုးရရှာဖွေစုဆောင်းထားတဲ့ စာရင်းတွေထဲက ထုတ်ပြီးပြောနေဒါ။

အဲဒီတော့ လူလေးသိန်း ကျော်ကျော်မှာ၊ တသိန်း ကျော်ဟာ ဆယ့်ငါးနှစ်မတိုင်ခင် ပျက်စီးဒယ်။မပျက်စီးဒဲ့ သုံးသိန်းထဲကလဲ၊ဗမာ့ သက်တမ်းဟာ ၂၅ နှစ်ဆိုတော့၊ဆယ်နှစ်လောက်သာ တိုင်းပြည်နဲ့ အမျိုးအတွက်၊ သူတို့ရဲ့ အင်အားနဲ့ဉာဏ်ကို ပေးနိုင်ဒယ်။အဲဒါလဲ ဒီသုံးသိန်းထဲမှာ ပျင်းတဲ့လူတွေ၊ဖျင်းတဲ့လူတွေ၊ တပိန်ပိန် တလိန်လိန်ဖြစ်နေတဲ့ လူချူချာ၊ လူချိနဲ့တွေ၊အင်္ဂလိပ် ဖျက်ဆီးသွားလို့၊ မျိုးချစ်စိတ်ဓါတ် ပျက်စီးနေတဲ့ လူတွေ၊ အဲဒါတွေကို ထပ်ပြီး နုတ်လိုက်ပြန်ရင်၊ တိုင်းပြည်နဲ့အမျိုးအတွက်အမြတ်ကျန်ဒါ ဘာရှိသေးတော့သလဲ။အဲဒီတော့ကျုပ်တို့ရဲ့ အပေါ်မှာ ရာဇဝင်ကြွေးတွေ တင်ဒယ်ဆိုဒါ၊ အံ့ဩတို့များ ရှိသေးသလား။

ဥပမာ။ ။လူတယောက်မှာ လယ်ကေတရာရှိဒယ်။အဲဒီအထဲက လယ်ကေ အစိတ်ဟာ အသီး၊ သီးခါနီးမှ အပင်တွေ သေကုန်ဒယ်။ကျန် ၇၅ ကေထဲမှာလဲ တချို့က အဖျင်းတွေသီးကြဒယ်။တချို့ကလဲမြေဩဇာမကောင်းလို့ အပင် ကောင်း ကောင်းမသန်ဘူး။တချို့ကျပြန်တော့လဲ အင်းဂလိပ်နဲ့တူတဲ့ကြွက်တွေကကိုက်ဖျက် ထားလို့ပျက်နေဒယ်။ အဲဒီလယ်ပိုင်ရှင်ကိုမှ ကြွေးမတင်ရင်၊ ဘယ်သူ့ကိုကြွေးတင် မလဲ။ အဲဒီလယ်ပိုင်ရှင်မှ သူ့အိမ်နဲ့လယ်ပေါ်က ခါးကော့ပြီး ဆင်းမပြေးရရင်၊ ဘယ်သူ ဆင်းပြေးအုံးမလဲ။

ကျုပ်တို့ တဝတွေမှာလဲ ဒီ လယ်ပိုင်ရှင်နဲ့ ဘာထူး သေးသလဲ။ မထူးလို့လဲ ရာဇဝင် ကြွေးတွေထဲမှာ အနစ်ကြီးနစ်ပြီး၊ကျုပ်တို့အိမ်ပေါ်က ခါးကော့ဆင်းခဲ့ရပြီ မဟုတ်လား။

## ပညာရေးဘက်က တင်နေတဲ့ ရာဇဝင်ကြွေး။

အဲဒါက ကျန်းမာရေးဘက်မှာ ကျုပ်တို့အပေါ် တင်နေဒဲ့ ရာဇဝင်ကြွေးတွေ။ ပညာရေးဘက်ကို နဲနဲ ကြည့်ကြအုံးစို့။ ပညာရေး ဆိုလို့ ရှေးဦးပဌမ၊ပညာဆိုဒါ ဘာလဲဆိုဒါကိုရှင်းပြဘို့လိုပါဒယ်။ပညာဆိုဒါ တခြားဟာမဟုတ်ဘူး။ " အမှားနဲ့ အမှန်ကို ခွဲခြားပြသနိုင်ဒဲ့ အရည်အခြင်းဘဲ " အဲဒီလိုဆိုရင် ပညာရေးဘက်မှာလဲ ကျုပ်တို့တတွေရဲ့အပေါ်မှာ ရာဇဝင်ကြွေးတွေ ဘယ့်လောက်တင်နေဒယ် ဆိုဒါကို သရုပ်ခွဲပြီးကြည့်ကြအုံးစို့။

## နိပ္ပွန် ကမ္ဘာ့ထိပ်တန်းရောက်ထာ ဘာကြောင့်လဲ။

ဥပမာ။ ။စည်းလုံး ညီညွတ်ခြင်းဟာ အမှန်။ စည်းလုံး မညီညွတ်ခြင်းဟာ အမှား။ ဒါပေမဲ့ ကျုပ်တို့ တတွေဟာ ပညာဘက်မှာ ရာဇဝင်ကြွေးတွေ အတင် ခံခဲ့ရလို့၊စည်းလုံးခြင်းဟာအမှန်ဆိုဒဲ့သဘောတရားကိုကျုပ်တို့တတွေ မမြင်ခဲ့ကြဒါ ကြာပြီမှုတ်ဘူးလား။ ကျုပ်တို့ရဲ့မဟာမိတ်ဖြစ်တဲ့နိပ္ပွန်တွေကိုကြည့်ပါ။ သန်းပေါင်း တရာကျော်ဟာ၊ လူတယောက်ထဲလို စည်းလုံးညီညွတ်တော့၊ နှစ်ခလေး နဲနဲ အတွင်းမှာဘဲ။ ကမ္ဘာ့ထိပ်သီးတန်းကိုရောက်ခဲ့ဒယ်မှုတ်ဘူးလား။ အိန္ဒိယပြည်ကြီး ကိုကြည့်ရင်၊ လူတွေသန်းပေါင်း သုံးရာကျော်ရှိပြီး၊ ဇာတ်တွေ၊ အသင်းတွေ အမျိုးမျိုးကွဲနေဒေါ့၊ သန်းပေါင် ၇၀ လောက်ရှိဒဲ့၊ အင်းဂလိပ်ရဲ့ လက်အောက်က ခုထက်ထိဘဲ မထွက်နိုင်ရှာသေးဘူး။

## အင်းဂလိပ်သွင်းထားခဲ့ဒဲ့ စိတ်တွေ စွန်း။

ကျုပ်တို့ဗမာတွေလဲ၊ အင်းဂလိပ်တွေက တံစိုးလက်ဆောင်တွေနဲ့ဖျက်၊ ရာထူးတွေနဲ့ဖျက်၊ အရက်တွေ၊ မိန်းမတွေနဲ့ဖျက်၊ မဟုတ်တဲ့ဝါဒတွေနဲ့ဖျက်၊ ကျောင်းတွေမှာလဲ၊ ခလေးအရွယ်၊ လူမမယ်ကလေးတွေကို အကျင့်ပျက်ပြား



စေတာတ်တဲ့၊ စာတွေ ပေတွေနဲ့ဖျက်တော့၊တတိုင်းတပြည်လုံး၊ ပြည်ဖုံး ကားကြီး ချထားသလို၊ အမှန်ဆိုဒါလဲ ဘာမှန်းမသိ၊ အမှားဆိုဒါကိုလဲ မဆင်ခြင်၊ မရှုးစမ်းနိုင်။ အဲဒီဒေါ့ "ဘာသူသေသေ ငတေမာပြီးရော" ဆိုဒဲ့သဘောတွေနဲ့၊ တအိမ်နဲ့တအိမ်တိုက်၊ တရွာနဲ့ တရွာရန်ဖြစ်၊ တမြို့နဲ့တမြို့ သတ်ကြပုတ်ကြ၊ တဖွဲ့နဲ့တဖွဲ့ သူထက်ငါ အရင်ဦးအောင် တယောက်လည်ပင်း တယောက်ဖြတ်ခဲ့ ကြဒယ် မှုတ်ဘူးလား။ အဲဒါတွေဟာ၊ အမှားနဲ့ အမှန် ခွဲခြားပြီးသိနိုင်ဒဲ့ မူလအခြေခံပညာ ချို့တဲ့လို့၊ ကျုပ်တို့တမျိုးလုံးအပေါ်မှာ ထပ်ခါတလဲလဲ၊ တင်....တင်....နေဒဲ့ ရာဇဝင်ကြွေးတွေဘဲ။

ဥပမာ။ ။အမျိုးသားချင်းရိုင်းပင်းချင်ဒဲ့စိတ်ဓါတ်ဟာမြတ်တယ်။ဒါကြောင့် မို့မှန်ဒယ်။ အမျိုးသားချင်း ရိုင်းပင်းချင်ဒဲ့ စိတ်ဓါတ်မရှိဒါဟာ ယုတ်တယ်၊ နိမ့်တယ်၊ ဒါကြောင့်မို့မမှန်ဘူး။ ဒါပေမဲ့၊ ခုတင်ကပြောခဲ့ဒဲ့ အင်းဂလိပ်နည်းတွေနဲ့ ဖျက်ထားဒေါ့၊ ဒီအမှန်ကိုလဲမမြင်နိုင်ကြဘူး။ အဲဒီဒေါ့ တချို့ကလဲသူတို့ကိုယ်ကို သူတို့ အင်းဂလိပ်ဘက်တော်သားဆိုပြီး ကိုယ့်ဗမာတွေနဲ့ဖီလာလုပ်။ တချို့ကလဲ အင်းဂလိပ်စိတ်တွေပေါက်ပြီး၊ ကိုယ့်ဗမာအချင်းချင်းပေါ်မှာ အထင်အမြင်သေး။ ဒီလိုစိတ်ထားတွေသာရှိနေကြရင်၊ ဘယ်နှစ်တန်းဘဲအောင်အောင်၊ ကမ္ဘာ့လက်ာ စာပေကျမ်းဂန်တွေ အကုန်လုံးကိုဘဲ အာဂုံဆောင်နိုင် ဆောင်နိုင်၊ ဦးပုညရေးတဲ့ စာတွေကို ပုဒ်မ မကျန်အောင်၊ အလွတ်ဘဲရ ရ၊ ဒီလူတွေဟာ ပညာဘက်မှာ ချို့ယွင်းနေဒါဘဲ။ ဒီလိုချို့ယွင်းဒါဟာလဲ ရာဇဝင်ကြွေး တင်ဒါဘဲ။

## စာတွေ မိုးထိအောင် တတ်ပေမဲ့ ပညာရှိမခေါ်နိုင်။

ဗိုးဒေါ့လဲ စည်းကမ်းရှိဒါရယ်၊ ကိုယ့်ကိုယ်ကို ကိုယ်ရိုသေ တတ်ထာရယ်၊ သစ္စာရှိဒါရယ်၊ ဇွဲရှိဒါရယ်၊ ဝေနေယျသတ္တဝါတွေ ကောင်းကျိုးအတွက်၊ အလုပ် ဟူသရွေ့၌ကို အယုတ် အလတ် အမြတ် မရွေးဘဲ၊ ဆောင်ရွက်လိုဒဲ့ စိတ်ဓါတ် ရှိဒါရယ်၊ ကုန်ကုန် ပြောလိုက်မယ်၊ လူကြီးမှန်း လူငယ်မှန်း သိတတ်ရမယ်ဆိုဒဲ့ ဂါရဝတရားရှိဒါက အစ၊ ဒီဟာတွေအားလုံးဟာ မှန်တဲ့ တရားတွေချည်းဘဲ။ ဒီတရားတွေဟာ ဗမာတရားတွေပါ၊သူများဆီကငှါးယူရတဲ့တရားတွေမှုတ်ဘူး။ဒါ ပေမဲ့ ဒီတရားတွေ ခုနေအခါ ဘယ့်လောက်ရှိသေးသလဲ။အတော်ချို့ယွင်းကုန်ကြပြီ မှုတ်ဘူးလား။ စာတွေဆိုဒါ မိုးထိအောင်တတ်နေကြပေစေ၊ ခုပြောခဲ့ဒဲ့တရားတွေ မရှိကြရင်၊ ပညာရှိလို့မခေါ်နိုင်ဘူး။ အဲဒီဒေါ့၊ ဒီတရားတွေ ခေါင်းပါးကုန်ကြ ဒါလဲ ရာဇဝင်ကြွေး တင်ဒါဘဲ။ ။အဲဒါက ပညာဘက်ကနေပြီး၊ ကျုပ်တို့ ဗမာတွေအပေါ်မှာ၊ ဘယ်လိုရာဇဝင်ကြွေးတွေ တင်နေတယ်ဆိုဒါကို သရုပ်ခွဲပြီး ပြလိုက်ထာ။

## စီးပွါးရေးဘက်က တင်ခဲ့တဲ့ ရာဇဝင်ကြွေး။

ကဲ....ကောင်းပြီ။စီးပွါးရေးဘက်ကိုကော ကြည့်လိုက်ကြအုံးမလား။ ဒါဒေါ့ လူတိုင်း ကိုယ်တွေ့ဖြစ်နေကြလို့ အထူးလက်ညှိုးထိုးပြီး ပြနေစရာမလိုဒေါ့ပါဘူး။

ဗမာတွေမှာ စီးပွါးဆိုလို့ ပြစရာကို မရှိဒေါ့ဘူး။ ပြောင်ဘီလို့ဆိုလိုက်ရင်၊ တိုတိုနဲ့ အဓိပ္ပါယ် ပေါက်နိုင်ဒါဘဲ။ ဒါပေမဲ့ ကျုပ်တို့အပြောနဲ့ မဟုတ်ဘဲ၊ သူတို့ရဲ့ အနောက်ဘက်က အင်္ဂရာသချ်ာ ပါရဂူကြီးတွေဆိုဒဲ့လူတွေ၊ ရေးထားဒဲ့ စာရင်းတွေထဲက၊ ထုတ်ပြပါဒုံးမယ်။ ဗမာပြည်မှာ လူတယောက်ရဲ့ဝင်ငွေဟာ၊တနှစ်မှ လေးဆယ်သာ ရှိဒေါ့ဒယ်ဒဲ့။တနှစ်မှ (လေးဆယ်) တလဆိုရင် (သုံးကျပ်သုံးမူး) လောက်ရှိဒယ်။ တရက်ဆိုဒေါ့ (ခြောက်ပြား) လောက်ဘဲ ရှိဒေါ့ဒယ်။ ဒီ....ခြောက်ပြားဆိုဒါ ကူလီခဘဲမှုတ်ဘူးလား။ စီးပွါးရေးမှာ၊ ကျုပ်တို့ဗမာတွေ၊ ကူလီတွေဖြစ်ကုန်ပြီ။ အဲဒီလိုဖြစ်ရဒါဟာလဲ ရာဇဝင်ကြွေး တင်ဒါဘဲ။

ဒီစီးပွါးရေးဘက်က တင်နေဒဲ့ ရာဇဝင် ကြွေးတွေအတွက်၊ ကျုပ်တို့တတွေ ပျက်စီးရဒဲ့အကြောင်းကို ပြန်ပြီးပြောပြရရင်၊ သိပ်ပြီး အသဲနာစရာကောင်းမှာဘဲ။ အူမ မတောင့်ဒေါ့ သီလ မစောင့်နိုင်ဘူး။ ဒါန ဆိုဒါဒေါ့ဝေးရော။ ဒါနနဲ့ သီလ မပါရင်၊ သေခါမှသိမယ်ဆိုဒဲ့စကားလို၊ ဆင်းရဲဒဲ့ ကျုပ်တို့ဗမာတွေ ဘယ်မှာ ဘဝကူးကောင်းနိုင်ပါတော့မလဲ။ ဒါက နောင်ဘဝကိစ္စ။ ယခုလောလောဆယ် ဘဝမှာ၊ ဆင်းရဲတဲ့အတွက်၊ ဘာဖြစ်ကြသလဲ။ ခိုးကြ၊ တိုက်ကြနဲ့ အကျင့်စာရိတ္တတွေပျက်စီးကုန်ကြဒါပေါ့။ ဗမာမကလေးတွေဆိုပြန်ရင်လဲ၊ ဒီဆင်းရဲဒါနဲ့ဘဲ အကျင့်စာရိတ္တတွေ ပျက်စီးကြပြီး၊ ကစင့်ကလျားလွှင့်ပါးကုန်ကြဒါတွေ တပုံကြီးဘဲ မှုတ်လား။ စီးပွါးရေးအခြေမလှရင်၊ အကျင့်စာရိတ္တတွေ ပျက်စီးဒါအမှန်ဘဲ။ နှစ်နဲ့နှစ်ပေါင်းရင် လေး အပြင် ငါးမဖြစ်ဘူးဆိုဒါလို၊ ဆင်းရဲရင် အကျင့်စာရိတ္တတွေ ပျက်စီးဒါဒေါ့မလွဲဘူး။ ဒါကြောင့် ဒီဘက်က ရာဇဝင်ကြွေးကိုလဲ ကြာကြာထားလို့ မဖြစ်ဘူး။ အစွမ်းရှိသမျှ ကျုပ်တို့ဗမာတွေ ဝိုင်းပြီးဆပ်ရမယ်။

ဒီကြွေးတွေကို ဘယ်လိုဆပ်ကြမလဲ။

ကိုင်း....ကြွေးဆပ်ရမယ်ဆိုဒါဒေါ့သိပြီ။ ဒီကြွေးတွေကို ဘယ်လိုဆပ်ကြမလဲ။ ဘယ်လိုဆပ်ရမလဲ။ ကျုပ်တို့ အာဏာရှင်ကြီးအမိန့်ရှိသလို၊ဒီကြွေးတွေကို ဆပ်ကြရအောင်၊ ခါးတောင်းကျိုက်ကိုသာ အသင့်ပြင်ဆင်ထားကြပေဒေါ့။

ရှေးဦးစွာ ကျန်းမာရေးဘက်မှာ ကျုပ်တို့ဟာ ဘယ်အထိ ကြွေးဆပ်ရမယ်ဆိုဒဲ့ ကျုပ်တို့ရဲ့ရည်မှန်းချက်ကို ပြောပြမယ်။ ဗမာပြည်မှာ ဗမာတိုင်း သက်တန်းစေ့ နေရမယ်။အဲဒီလို သက်တန်းစေ့နေရဒဲ့အခါမှာလဲ၊ဗမာ့တာဝန်တွေကို ကြေပြွန်စွာ မထမ်းနိုင်ဒဲ့ ရှုံနာသယ်၊ရှိုက်ကုန်းကလေးတွေ မဟုတ်ဘဲ၊ဗမာ့တာဝန်မှန်သမျှကို ဘယ်ဘက်ကစမ်းစမ်း၊ ထမ်းနိုင်ဒဲ့ လူသန်တွေဖြစ်ရမယ်။ အဲဒါ ကျုပ်တို့ရဲ့ ကျမ်းမာရေး ဘက်မှာထားဒဲ့ ရည်ညွှန်းချက်ဘဲ။

ဗမာတိုင်း သက်တန်းစေ့ နေရအောင် လုပ်မည်။

ဒီစကားကို ကြားဒေါ့၊တချို့က ပြုံးကြလိမ့်မယ်။'' ဗမာတိုင်း သက်တန်းစေ့ နေရအောင် လုပ်ပေးမယ်လို့၊ ခင်ဗျားတို့က ကတိပေးနိုင်ရအောင်၊ ခင်ဗျားတို့က



သိကြားမို့လား'' အစရှိဒဲ့ ကဲ့ရဲ့သဂြိုဟ်၊အတင်းဆိုဒဲ့စကားတွေကိုလဲ၊ ပြောကောင်း ပြောကြပေလိမ့်မယ်။ ဒါတွေကို ကျုပ်တို့က ကြိုတင် မြင်ပြီးသားတွေပါ။အဲဒီပြောဒဲ့ လူတွေ၊ ဘာဘဲ ပြောပြော၊ ကျုပ်တို့ တိတိလင်းလင်း ထပ်ပြီး ကတိပေးတယ်။ ကျုပ်တို့ရဲ့ ရည်မှန်းချက်ကြီးကိုရောက်တဲ့နေ့မှာ၊ဗမာတိုင်း သက်တန်းစေ့ နေရမယ်။ သက်တန်းစေ့ နေရဒဲ့အပြင်၊ ဗမာ့တာဝန်တွေကို ထမ်းနိုင်ဒဲ့ လူသန်မာတွေ ဖြစ်ရမယ်။

အသက် သေဒါ၊ရှင်ဒါတွေဟာ ကံကြောင့်ကြီးမှမဟုတ်ဘဲ။ကံ၊ဉာဏ်၊ဝီရိယ၊ ဒီသုံးပါးဟာ၊ ဘုရားဟောတွေဘဲ မှုတ်ဘူးလား။ အဲဒီလို ဟောရက်သားနဲ့ ကံ တခုထဲကိုသာ ပုံပြီး၊အကုန်လုံး ယုံနေကြမယ်ဆိုရင်၊ မိစ္ဆာဒိဋ္ဌိတွေ ဖြစ်ကုန်ကြလိမ့်မယ်။ မာရ်နတ်သားကို အာယုသင်္ခါလွှတ်မယ်လို့ ကတိမထားခင်ကလေးမှာဘဲ၊ '' ငါဘုရားဟာ ပရိနိဗ္ဗာန်မပြုသေးဘဲ နေမယ်ဆိုရင်၊ ဗောဇ္ဈင်တရား ၇ ပါးကို အားထုတ်ပြီး၊ အာယုကပ်တကပ်လုံး နေနိုင်ဒယ် ''လို့ ဘုရားကိုယ်တော်မြတ်ကြီးက၊ ညီတော် အာနန္ဒာကို ဒေသနာကြားခဲ့ဘူးဒါ ကျမ်းဂန်တွေထဲမှာ အထင်အရှားရှိဒါဘဲ။ အဲ ဒေသနာကြားချက်ဟာ ဘာလဲ။ ဗောဇ္ဈင်တရားဟာ အသက်ရှည်ကြောင်း တရားဘဲလို့သိနိုင်တဲ့ ရွှေဉာဏ်တော်ရယ်၊ အဲဒီသိတဲ့အတိုင်း၊ ဒီတရားတွေကိုအားထုတ်တဲ့ ဝီရိယရယ်၊ ပေါင်းလိုက်ရင်၊ အာယုတကပ်လုံး အသက်ရှည်နိုင်တယ်ဆိုဒါဘဲ မှုတ်ဘူးလား။

ငါးရာ့ငါးဆယ် နိပါတ်တော်ထဲမှာ၊ ဓမ္မပါလ သတို့သားရဲ့ အကြောင်းကို ဘတ်ရရင်၊ အသက်တထောင်တန်းမှာ၊သက်တန်းစေ့နေရဒဲ့ လူတွေရဲ့အကြောင်းကို တွေ့ရမယ်။ သက်တန်းစေ့ နေရမယ်ဆိုဒါ၊သူတို့ကိုယ်ကို သူတို့၊ ဘယ့်လောက်ယုံကြည်ကြသလဲဆိုရင်၊ ဆိတ်ရိုးတွေကို ယူပြီး၊ ဓမ္မပါလ သတို့သားကလေးဟာ သေပြီလို့၊ ဓါမောက္ခဆရာကြီးကိုယ်တိုင် သွားရောက်ပြောဒဲ့အခါမှာ သတို့သားရဲ့ မိဘတွေနဲ့ အရပ်သားတွေက၊ ပါမောက္ခဆရာကြီးကို ဝိုင်းပြီး လှောင်ပြောင် ကြဒယ်မှုတ်ဘူးလား။ အဲဒီဒေါ့၊ ပါမောက္ခကြီးက အသက်ရှည်ဒဲ့ဆေးကို ပေးပါလို့ တောင်းဒေါ့မှ၊ သတို့သားရဲ့ မိဘတွေက သူတို့ အားထုတ်တဲ့ တရားကို ဟောပြလိုက်ကြတယ်။ ဒါကို ထောက်ခြင်းအားဖြင့်လဲ၊ ဒီတရားဟာ အသက်ရှည်ကြောင်း တရားဘဲလို့၊ သိဒဲ့ ဉာဏ်ရယ်၊အဲဒီလိုသိပြီး ဒီတရားတွေကို အားထုတ်တဲ့ ဝီရိယရယ် ပေါင်းလိုက်ရင်၊ အသက်တန်းစေ့ နေနိုင်တယ်လို့ ဘုရားကိုယ်တော်မြတ်ကြီး ဟောကြားခဲ့ဘူးတယ်မှုတ်ဘူးလား။

နိပ္ပွန်တွေ''ပု''ရာက၊ထွားကြိုင်းအောင် လုပ်ခဲ့တယ်။

အခုပြောခဲ့ဒါက၊ဘုရားဟော။ လက်ငင်းဒိဋ္ဌ တွေ့ချင် မြင်ချင် ကြဒယ်ဆိုရင်၊ နိပ္ပွန်နိုင်ငံ အစရှိဒဲ့၊ ကိုယ့်မင်း ကိုယ့်ချင်းနဲ့ နေကြဒဲ့ နိုင်ငံတော်ကြီးတွေကိုသာ သက်သေအဖြစ်နဲ့ ကြည့်ကြပေတော့။ နိပ္ပွန်လူမျိုးတွေဟာ၊ရှေးအခါကပုပုကလေးတွေဘဲမဟုတ်ဘူးလား။အဲဒါကို ဒို့လဲဘာဖြစ်လို့အရပ်မရှေရမှာလဲဆိုပြီး၊တမျိုးလုံး

ဝိုင်းကြိုးစားကြတော့၊ တိုက်ပွဲတိုင်းမှာ၊ အောင်ပန်းဆွတ်နိုင်ဒဲ့၊ လူထွားကြိုင်းကြိုးတွေ ဖြစ်လာကြပြီ မှတ်ဘူးလား။ အဲဒါ၊ ဉာဏ်နဲ့ ဝိရိယရဲ့ အကျိုးရှိပုံသက်သေသာဓကကြီး တခုဘဲဆိုဒါ၊ မှတ်ထားလိုက်ကြပါ။

## သေနေ့မစေ့ဘဲ၊ ဘာကြောင့်သေရမှာလဲ။

ပြီးတော့လဲ၊ အသက်ဆိုဒါ ဆီမီးခွက်နဲ့ တူတယ်လို့ ပြောဒဲ့ စကားကို၊ ကြားဘူးကြမှာပေါ့။ မီးညိမ်းသွားတိုင်း၊ ဆီနဲ့ မီးဇာ ကုန်တယ်လို့ မဆိုနိုင်ဘူး။ ဆီနဲ့ မီးဇာရှိနေပေဒဲ့လဲ လေတိုက်ထာနဲ့ မီးသေသွားနိုင်ဒါဘဲ။ အဲဒီတော့၊ လေ ဘယ်ဘက်ကတိုက်နေတယ်ဆိုဒါကို၊ စုံစမ်းဒဲ့ ဉာဏ်ရယ်၊ စုံစမ်းလို့သိဒဲ့ အခါမှာ၊ အဲဒီလေတိုက်တဲ့ ဘက်ကနေပြီး၊ မီးအိမ်ကို လေ မတိုးနိုင်အောင် ကာလိုက်တဲ့ ဝိရိယရယ်၊ နှစ်ခုပေါင်းလိုက်ရင်၊ ဒီမီးဟာ မသေသင့်ဘဲနဲ့ မသေရဘူး။ မီးဇာကုန် ဆီခန်းတဲ့ အထိ လင်းနိုင်မယ်မှတ်ဘူးလား။

ကိုင်း ဘယ်ဟာမျိုးမဆိုကံချည်းဘဲမဟုတ်ဘူး။ ဉာဏ်နဲ့ ဝိရိယလဲပါဒယ်ဆိုတာကို သိရပြီ။ အဲဒီတော့၊ ဗမာပြည်မှာ ဉာဏ်နဲ့ ဝိရိယကို မသုံးခဲ့မိကြလို့ သေနေ့မစိဘဲနဲ့ သေကြဒဲ့ လူတွေဟာ၊ မရေမတွက်နိုင်အောင် များတယ်လို့ဆိုရင်၊ မှားအုံးမလား၊ မမှားနိုင်ဘူး။

ဗမာတိုင်း သက်တမ်းစေ့နေရမယ်လို့၊ ကျုပ် ဂတိပေးရဲတာလဲ၊ ကျုပ်တို့ဟာ ကံကိုသာမဟုတ်ဘဲ၊ ဉာဏ်နဲ့ ဝိရိယကိုလဲ ယုံကြည်ကြဘို့ဘဲ။ ဉာဏ်ထုတ်ပြီး၊ ဒီထုတ်တဲ့ ဉာဏ်အတိုင်း၊ ဝိရိယ စိုက်လိုက်ကြမယ်ဆိုရင်၊ နှစ်စဉ်နှစ်စဉ် လေးသိန်းကျော်မွေးဒဲ့ ခလေးတွေထဲက၊ တသိန်း ကျော်ကျော် သေတယ်ဆိုဒါ ပျောက်ရမယ်။ အရွယ်မရောက်ခင် ပျက်စီးကြဒယ်ဆိုဒါ၊ ဗမာပြည်မှာမရှိရဘူး။ ခုခေတ် သက်တန်းဟာ၊ ရှစ်ဆယ်ရှိရက်သားနဲ့ ဗမာ့သက်တန်းဟာ ၂၅ နှစ်ဘဲရှိဒယ်ဆိုဒါ၊ စာရင်းထဲက တခါထဲ ဖျက်ပစ်လိုက်ရမယ်။

## ဗမာပြည်က ဘာကြောင့်မလုပ်နိုင်ရမှာလဲ။

သူတို့ရဲ့တိုင်းပြည်တွေမှာ၊ ခလေးတွေ အဖတ်တင်အောင်လုပ်နိုင်ရင်၊ ဗမာပြည်မှာ ဘာဖြစ်လို့မလုပ်နိုင်ရမှာလဲ။ သူတို့တိုင်းပြည်တွေမှာ အရွယ်မရောက်ခင်၊ မသေအောင် တားဆီးနိုင်ကြရင်၊ ဗမာပြည်မှာကော ဘာဖြစ်လို့ မတားဆီးနိုင်ရမှာလဲ၊ သူတို့တိုင်းပြည်မှာ ဖျမ်းမျှခြင်းအားဖြင့်၊ သက်တမ်းဟာ ငါးဆယ်ကျော်ရင်၊ ကျုပ်တို့ဗမာပြည်မှာကော ဘာဖြစ်လို့မကျော်ရမှာလဲ။

ဒီလို ဗမာ့သန်မာ တောင့်တင်းမှုကြီးရဘို့ အတွက်၊ ကျုပ်တို့ရဲ့ လုပ်ငန်းကို အကြမ်းအားဖြင့် ၂ ပိုင်းခွဲထားမယ်။ ပဌမပိုင်းမှာ၊ ရှိပြီးသား ဗမာတွေကို၊ သူတို့မှာကပ်နေတဲ့ ချူနာ ချီနဲ့ တာတွေသုတ်သင်ပစ်တဲ့ လုပ်ငန်းရှိမယ်။ ဒုတိယပိုင်းမှာ၊ နောက်မွေးမဲ့ ဗမာကလေးတွေ သန်သန်မာမာ နဲ့၊ မွေးသမျှ သက်တမ်းစေ့ နေနိုင်ရအောင် လုပ်ပေးမဲ့ လုပ်ငန်းရှိမယ်။



## ဗမာ့ရန်သူ နံပါတ် ၁။

ပဌမပိုင်းအတွက်၊ ဗမာလူမျိုးတွေရဲ့ နံပါတ် ၁ ရန်သူကြီးများ ဖြစ်ကြဒဲ့ (က) ငှက်ဖျား၊ (ခ) ပုလိပ်၊ (ဂ) ဝမ်းရောဂါ၊ (ဃ) ချောင်းဆိုးသွေးပါ၊ (င) ကာလသားရောဂါ၊ (စ) နူနာတို့ကို၊ စီမံကိန်းတွေနဲ့၊ စနစ်တကျ၊ သုတ်သင်ပစ်မယ်။ ဒီရောဂါဆိုးတွေဟာ ကျုပ်တို့သဘောကောင်းလို့ ဒီမှာနေနိုင်ကြဒါပါ။ တတိုင်းပြည်လုံးက၊ တကဲ့ကြီးမားဒဲ့၊ ဆန္ဒကြီးနဲ့ မောင်းထုတ်လိုက်မယ်ဆိုရင်။ ကျုပ်တို့ရဲ့ အိမ်ရိပ်ကိုတောင် နင်းနိုင်မယ်မှတ်ဘူး။

ဒီရန်သူတွေကို မောင်းထုတ်နေတုံး၊ ဗမာ့ သန်မာ တောင့်တင်း ရေးမှာ လိုအပ်တဲ့ (၁) အစား အသောက်၊ (၂) ကိုယ်လက်လှုပ်ရှား အကစားနဲ့၊ (၃) ဆေးကုဌာနများကို စီမံကိန်းတွေနဲ့ဘဲ စီစဉ်ပေးမယ်။ အစားနဲ့ အကစားက ရောဂါမဖြစ်အောင် ကာကွယ်ဒဲ့ နေရာမှာ အရေးကြီးဒယ်။ ကိုယ်လက်လှုပ်ရှား ကစားပြီး၊ အားဖြစ်စေတဲ့ အစာအဟာရကို စားနေရရင်၊ ရောဂါဆိုဒါ တယ်ပြီး အနားမကပ်နိုင်ပါဘူး။ အားရှိဒဲ့ အစာဆိုဒါနဲ့ ဆိတ်သား၊ ဘဲသား၊ ထောပါတ် အစရှိဒဲ့ အစာတွေကိုသာစားမှ မဟုတ်ပါဘူး။ ဗမာပြည်မှာတောင်ပုံ၊ ရာပုံဖြစ်နေဒဲ့ လုံးတီးဆန်၊ ဆင်ခရမ်းချဉ်သီး၊ ပဲပင်ပေါက်၊ ခြင်ပေါင်ရွက်၊ ငါးပိ အစရှိဒဲ့ အစာတွေဟာလဲအားဖြစ်တဲ့ အစာတွေဘဲ။ ဒါပေမဲ့ ''မသိသူကျော်သွား၊ သိသူဖေါ်စား'' ဆိုဒဲ့ စကားအတိုင်း၊ အင်မဟန်ကောင်းတဲ့ အစာတွေကို ကျော်သွားကြဒဲ့ လူတွေသာ များနေဒါဘဲ မဟုတ်ဘူးလား။ ကိုယ်လက် လှုပ်ရှား ကစားဘို့ဆိုဒါလဲ တနေ့ နာရီဝက်လောက် အချိန်ရရင်၊ ဘယ်မှာဖြစ်ဖြစ်လုပ်နိုင်ဒါဘဲ။ ထမင်းစားဘို့ အချိန်ရရင် ကိုယ်လက်လှုပ်ရှား ကစားဘို့ ဘာဖြစ်လို့အချိန်မရ ရမှာလဲ။ စောင့်သာနေပါ။ ဘယ်အစားကို၊ ဘယ်လိုစားရမယ်၊ ဘယ်ကစားကို ဘယ်လိုကစားရမယ် ဆိုဒါတွေ စီမံကိန်းတွေနဲ့ တပြည်လုံးကို ရွှေဆောင်ပြပါမယ်။ အဲဒါက ပဌမပိုင်း။

## ခလေးတွေ အဖတ်တင်ပြီး၊ သက်တန်းစေ့နေရေး။

ဒုတိယပိုင်း လုပ်ငန်းလဲ ပဌမပိုင်းထက်မိုပြီး အရေးမကြီးဘူးလို့ ဆိုတောင်မှ ပဌမပိုင်းထက်တော့ မလျော့ဘူး။ ဗမာသစ်ခလေးတွေကို ဖန်တီးဘို့ဆိုဒါ အတော်ကြီးကျယ်တဲ့ ကိစ္စဘဲ။ ဗမာသစ်ခလေးတွေကို၊ လိုချင်ရင်၊ သူတို့ကို ဖန်တီးပေးရမဲ့ အဘေနဲ့ အမေကစပြီး ပြုပြင်ပေးရမယ်။ ရောဂါစင်ဒဲ့ ခလေးတွေရဘို့ အဘေနဲ့ အမေကိုယ်တိုင်က၊ ရောဂါစင်ရမယ်။ အဘေနဲ့ အမေက ရူးသွပ်နေမယ် ဆိုရင် သူတို့ကမွေးတဲ့ ခလေးတွေလဲ ခပ်ပေါပေါဖြစ်တတ်တယ်။ ကာလသားရောဂါ ရှိရင်လဲ ခလေးကိုကူးတတ်တယ်။ ကာလသားရောဂါရှိဒဲ့ မိဘတွေရဲ့ခလေးတွေကို ကြည့်ပါလား။ ခေါင်းမှာအဖုတွေ၊ အပိန့်တွေ မွေးကထဲကပါလာဒယ်။ တချို့ ခလေးတွေလဲ၊ မျက်စိကန်းလိုကန်း၊ နားပင်းလိုပင်း၊ တခြားအင်ဂါ တခုခု ချို့ယွင်းလို ချို့ယွင်းနဲ့၊ အတော်ဆိုးဒါဘဲ။ အဲဒီတော့ ဒီလိုသားစဉ် မြေးဆက်၊

အညွန့်တုံး စေတတ်တဲ့ရောဂါဆိုးတွေ၊ ဗမာ့ရန်သူ နံပါတ် ၁ တွေကို၊ ဗမာသစ်တွေဖန်တီးပေးရမဲ့၊ ဗမာမိဘတွေမှာ၊ မရှိရအောင်။ အစွမ်းကုန် သုတ်သင်ပေးရမယ်။ ကုလို့မရအောင် ဆိုးနေတဲ့မိဘတွေကြဒေါ့၊ဗမာ့တာဝန်ကို မထမ်းနိုင်ဘဲနဲ့ ဗမာနိုင်ငံတော်ပေါ်မှာပင်၊ တာဝန် လေးနေမဲ့ ခလေးတွေကို မမွေးရအောင် ဒီမိဘလုပ်တဲ့လူတွေကို တခါတည်းတန် သင်းပစ်ရမယ်။

## အချက်ကြီး ၄ ချက်။

မိဘတွေကို ရောဂါစင်အောင်လုပ်ပေးရုံနဲ့ မပြီးသေးဘူး။ ခလေးတွေကို၊ ကိုယ်ဝန်ရှိတဲ့နေ့ကထဲကစပြီး၊ ဝမ်းဆွဲအတတ်နားလည်တဲ့ ပညာသယ်တွေနဲ့၊ ပဋိသန္ဓေကို ကောင်းကောင်းစောင့်ရှောက်ပေးရမယ်။ဝမ်းထဲက ခလေးအားရှိဘို့၊ မိခင်လုပ်သူဟာ ဘယ်အစာကိုစားရမယ်၊ ကိုယ်လက်လှုပ်ရှားမှုကို ဘယ်လိုလုပ်ရမယ်၊ အစရှိတဲ့နည်းတွေကိုလဲ တတ်စွမ်းတဲ့ပညာသယ်တွေနဲ့ စောင့်ရှောက်စေရမယ်။ မွေးပြန်တော့လဲ ပညာရေဝပြီးဒဲ့လက်သယ်များနဲ့ မွေးရမယ်။ ဗမာပြည်မှာ မွေးစခလေးတွေ အသေအပျောက်များရတဲ့အကြောင်းကြီး သုံး ရပ်ဟာ၊ တခြားဟာမဟုတ်ဘူး၊ ကိုယ်ဝန်ကိုမစောင့်ရှောက်တတ်ထာရယ်၊မွေးပြန်တော့လဲ လက်သယ်ကောင်းနဲ့ မမွေးရဒါရယ်၊ ကိုယ်ဝန်နဲ့ဒုံးကရော၊ မွေးပြီးမှရော၊ခလေးအားရှိဒဲ့ အစာအဟာရကိုမိခင်လုပ်သူမစားရဒါရယ်၊ ဒီအချက်ကြီး ၃ ချက်ဘဲ။ ဒီအချက်ကြီး ၃ ချက်ရယ်၊ မိဘလုပ်သူတွေကို ရောဂါကင်းစင်အောင်လုပ်ပေးဒဲ့ အချက်ကြီးရယ်၊ အဲဒီ လေးချက်ကို ကျကျနန ဂရုစိုက်လိုက်ရင်၊ မွေးစခလေးတွေအသေအပျောက်များဒါဟာ၊ရာခိုင်နှုန်း ၉၀ လောက်လျော့သွားမယ်။ အဲဒီ မွေးလာဒဲ့ ခလေးတွေကို အရွယ်ရောက်ရင်၊ သေနတ်ကိုင်ပြီး၊ ဗမာ့လွတ်လပ်ရေးကို ကာကွယ်နိုင်ရမယ်ဆိုဒဲ့ ကျုပ်တို့ရဲ့ရည်ရွယ်ချက်ကြီးနဲ့ လျော်ညီအောင်၊ အစားဘက်က၊ ကစားဘက်က၊ ကျန်းမာရေးဘက်ကစပြီး၊ ဘာမှလိုလေသေးမရှိရအောင်၊ ကျုပ်တို့တာဝန်ယူသွားမယ်။

## အမြစ်ကလှန်ပြီး ဖြိုဖျက်ရမည်။

ဒီလုပ်ငန်းတွေကိုပြောပြနေဒါ၊ အရင် မဲခေတ်တုံးကလို မဲလိုချင်ဒါနဲ့၊ ရွေးကောက်ပွဲမှာ လောကွတ်တွေကို၊ ရွှန်းရွှန်းဝေနေအောင်ပြောဒဲ့ စကားမျိုး မဟုတ်ဘူးနော်။ ကျုပ်တို့ရဲ့ အာဏာရှင် အဓိပတိကြီး ခဏခဏ မိန့်ကြားနေဒဲ့ စကားအတိုင်းဘဲ။ ဒီခေတ်ဟာ မဲခေတ်မဟုတ်တော့ဘူး။ ရာဇဝင် ကြွေးတွေကို တောင်းပါမှောက်ပြီး ဆပ်ရမဲ့ခေတ်။ အဲဒီခေတ်မှာကျုပ်တို့ဗမာတွေရဲ့ ဖျင်းနေဒဲ့၊ ညံ့နေဒဲ့၊ မကောင်းမှု ဟူသမျှတွေကို၊ အမြစ်ကပါ လှန်ပြီး ဖြိုဖျက်ပစ်ရမယ်။ ကျုပ်တို့ရဲ့ အာဏာရှင် အဓိပတိကြီး၊ မကြာသေးခင်က အမိန့်ရှိသွားဒဲ့အတိုင်း၊ ဗမာနိုင်ငံရဲ့ တကဲ့ပစ္စည်းတွေဟာ၊ ရေနံတွင်းတွေ၊ သတ္တုတွင်းတွေ၊ လယ်တွေ၊



သစ်တောတွေ မဟုတ်ဘူး။ ဗမာနိုင်ငံရဲ့ တကဲ့ပစ္စည်းဟာ၊ ဗမာလူမျိုးတွေဘဲ။ ဒီတော့ ဗမာတွေဟာ၊ ချူနာ ချိနဲ့နေမယ်ဆိုရင်၊ ဗမာ့ပစ္စည်းဟာလဲ ချူနာချိနဲ့ဒဲ့ ပစ္စည်းဖြစ်မှာဘဲ။ ဗမာတွေဟာ ရောဂါသယ်တွေဖြစ်နေကြရင်လဲ၊ ဗမာ့ပစ္စည်းတွေဟာ၊ ရောဂါသယ်ပစ္စည်းတွေဖြစ်နေကြမှာဘဲ။

## သန်မာ တောင့်တင်းမှ၊ဗမာ့ဝန် ထမ်းနိုင်မည်။

ဥပမာ။ ။လယ်တကွင်းဟာ၊ပိုးကျဒယ်ဆိုရင်၊ငွေအကုန်ခံ၊ လူအပင်ပန်းခံပြီး ပိုးတွေကို ရှင်းကြဒယ်မှုတ်လား။ မြေသြဇာညံ့နေမယ်ဆိုရင်လဲ၊ လူအပင်ပန်းခံ ငွေအကုန်ခံပြီး၊ မြေသြဇာကောင်းဘို့လုပ်ကြဒယ် မှုတ်ဘူးလား။ ဒါဘာဖြစ်လို့ လုပ်ထာလဲ,,,,လယ်မှာ ပိုးတွေမရှိမှ၊မြေသြဇာ ကောင်းမှ စပါးပိုထွက်မယ်။ စပါးပိုထွက်မှ၊ထမင်း ဝဝစားရမယ်၊ ငွေများများရမယ်။ ချစ်တီးကြွေးတွေကို ဆပ်နိုင်မယ်။ကိုယ်လိုရာကိုသုံးနိုင်မယ်။အဲဒီလိုဘဲဗမာတွေမှာ၊ကပ်နေဒဲ့ အပျင်းနဲ့ အပျင်းကို၊ချူနာ ချိနဲ့ဒါပို့ဆိုဒဲ့ ပိုးတွေမရှိမှ၊ ပိုပြီးကျန်းမာတောင့်တင်းမှ၊ ဗမာတွေ၊ဗမာ့တာဝန်တွေကို ပိုပြီးထမ်းနိုင်မယ်။အဲ့ဒီလို ထမ်းနိုင်မှ၊ ဗမာ့ရာဇဝင်ကြွေးတွေကို ဆပ်နိုင်မယ်။ ဗမာတွေ တိုင်းတန်းကို ရောက်ဘို့အတွက် လိုရာကိုသုံးနိုင်မယ်။ ဒါကြောင့်မို့၊ အခုပြောခဲ့ဒဲ့၊ဗမာ့သန်မာ တောင့်တင်းမှုကြီးကို ရအောင် အတွက်၊ လောကွတ်စကားမဲဆွယ်စကား၊ တလုံးမှမပါဘဲ၊ ကျုပ်တို့ရဲ့ စေတနာ အရင်းကို၊ထုတ်ပြီး ပြောဒယ်ဆိုဒါ၊ သေသေချာချာ မှတ်ထားကြစေချင်ဒယ်။

## ပညာရေး ကြွေး ၂ ပိုင်းခွဲဆပ်။

ကိုင်း,...ပညာရေးဘက်မှာ တင်နေဒဲ့ ရာဇဝင်ကြွေးတွေကို၊ ဘယ်လိုဆပ်ရမယ်ဆိုဒါ၊နဲနဲလောက် ပြောလိုက်ကြအုံးစို့။ ပညာရေးကိုလဲ ကျန်းမာရေးလိုဘဲ၊ ၂ ပိုင်း ခွဲထားရလိမ့်မယ်။တပိုင်းက ပဋိသန္ဓေရှိတဲ့ အချိန်ကစပြီး ကျောင်းကို ပို့ဒဲ့အချိန်အထိ၊ အခြားတပိုင်းက၊ ကျောင်းစတက်တဲ့ အချိန်ကစပြီး၊ နောက်ဆုံးသေဒဲ့နေ့အထိ။

## ပဋိသန္ဓေရှိကထဲက၊စိတ်ဓါတ်ဖြင့်၊ပညာသင်ပေး။

ပဌမပိုင်းကို အထူးဂရုစိုက်ရမယ်။ ခလေးကို ပဋိသန္ဓေရှိကတဲက၊ ပညာပေးရမယ်ဆိုဒဲ့စကားဟာ၊အမှတ်တမဲ့ကြားလိုက်ရင်၊ ရယ်စရာလိုလိုဖြစ်နေဒယ်၊ လူမှ မဖြစ်သေးဘူး၊ ဘဲ့နှယ်လုပ်ပြီး ပညာသင်ပေးမလဲလို့ မေးစရာရှိဒယ်။ ကိုယ်ဝန်ဆောင် မိခင်ရဲ့ စိတ်ဓါတ်အားဖြင့်၊ပညာသင့်ပေးနိုင်ဒယ်။ ဝိသာခါ ကျောင်းအမကြီးကို၊ ဘုရားကိုယ်တော်မြတ်ကြီးက "ချစ်သမီး၊ကာမရာဂ စပ်ယှက် နေဒဲ့အခါမှာပင်၊ ငါဘုရားကိုသတိရရင်၊ သားကောင်း သမီးကောင်း၊ရတနာများ ရနိုင်ဒယ်"ဆိုဒါ၊ မိခင်ရဲ့စိတ်ဓါတ်တန်ခိုးနဲ့ သားကောင်း သမီးကောင်း ရတနာ

များ ရနိုင်ဒယ်ဆိုဒါဘဲ မဟုတ်ဘူးလား။ လက်တွေ့စမ်းချင်ရင်၊စမ်းကြည့်။ကိုယ်ဝန်ဆောင်မိန်းမ ၂ ယောက်ကိုခေါ်၊ တယောက်ကို နေ့စဉ် နေ့တိုင်း ချောက်လှန့်ခြိမ်းမောင်း၊ရိုက်နှက်လုပ်၊ လွတ်လပ်ခွင့်မပေးဘဲ နှိပ်ကွပ်ထား။ ဒုတိယမိန်းမကို စိတ်တက်ကြွစေဒဲ့စကားများ၊ စိတ်ကြည်နူးစရာ ကောင်းဒဲ့ စာ ပေ များ ကို ကြားပေစေ၊ ဘတ်ပေစေ၊ လွတ်လွတ် လပ်လပ် နေပေစေ၊ ပဌမ၊မိန်းမက မွေးလိုက်တဲ့ခလေးဟာ အင်ဂါ ချို့ယွင်းချင်လဲ၊ချို့ယွင်းရမယ်။ ကျန်းမာရေးမှာလဲ တခုခု ညှိုး နေမယ်။ စိတ်နေ စိတ်ထားမှာလဲ၊အောက်တန်းစား၊ ခပ် ကျု ကျု ဖြစ်တတ်တယ်။ ပဋိသန္ဓေတုံးက၊ သူ့မိခင်ခံစားခဲ့ရဒဲ့ စိတ်ဒုက္ခရောက်တဲ့ဒဏ်တွေဟာ၊ဒီခလေးမှာ အားလုံးအမွေရလိုက်ထာဘဲ။ငယ်ငယ်ကတဲက၊ဒီဒဏ်တွေကို အပြင်းအထန် ဆေးမကုလိုက်ဘဲ၊ သူ့အတိုင်း ထားလိုက်မယ်ဆိုရင်၊ ဒီခလေးဟာ ကြီးပြင်းလာဒဲ့အခါ လူအချင်းချင်း ကြောက်တတ်တဲ့ လူတယောက်သော်၎င်း၊ လူတွေကို စိတ်နာမုန်းပြီး၊ လူ့အကျိုး ပျက်စီးရာပျက်စီးကြောင်းကို လုပ်တတ်တဲ့ လူတယောက်သော်၎င်း၊ လောကကြီးရဲ့ အကျိုးကို ဖျက်ဆီးတတ်တဲ့ လူဆိုး တယောက်ယောက်ဖြစ်လာမှာအမှန်ဘဲ။

စစ်အတွင်း စစ်ဖြစ်နေဒဲ့ နိုင်ငံတွေမှာမွေးဒဲ့ ခလေးတွေကို ကြည့်ပါလား။ ပဋိသန္ဓေရှိတုံးမိခင်ဖြစ်သူတွေမှာ ဗုန်းသံ၊သေနတ်သံ၊အမြောက်သံတွေနဲ့ တထိတ်ထိတ် တလန့်လန့်နေရလို့၊အဲဒီစစ်အတွင်းမှာမွေးလာဒဲ့ ခလေးတွေလဲ သူတို့မိခင်တွေရဲ့ စိတ်ဒုက္ခဒဏ်တွေဟာ သူတို့မှာ အထင်အရှား ပါလာကြဒါဘဲ။ အဲဒါကြောင့်မို့ တိုင်းသူပြည်သားတွေရဲ့ တန်ဘိုးကိုသိတဲ့ တိုင်းပြည်တိုင်းမှာလိုဘဲ၊ ဒီဒဏ်တွေ ပါလာဒဲ့ ခလေးတွေကို ကုသ ဘို့ဆိုပြီး အထူးဆရာဝန်တွေနဲ့ အထူးဆေးရုံတွေကို ဖွင့်ပေးကြရဒယ်။

အဲဒီဒေါ့ လူချင်းတွေ့ရင် ကြောက်သလိုလို၊ ရှိသလိုလိုမဟုတ်ဘဲ၊ ရင်ကော့ပြီးနေဒဲ့ ဗမာကလေးတွေ၊ ဗမာ့ဇာတိသွေး၊ ဇာတိမာန် တက်ကြွနေဒဲ့ ဗမာကလေးတွေ၊ဗမာ့ဝန်ဆိုရင် ဇွဲကောင်းကောင်းနဲ့ ထမ်းနိုင်မဲ့ ဗမာကလေးတွေကို လိုချင်ရင် သူတို့ပဋိသန္ဓေဘဝကတဲက သူတို့ရဲ့မိခင်တွေကို ဇာတိသွေးတက်ကြွစေဒဲ့ပညာတွေ၊ရဲရင့်စေနိုင်တဲ့ပညာတွေ၊ ဇွဲကောင်းတဲ့ ပညာတွေကိုပေးရမယ်။

## မွေးစတွင် ပညာသင်ရေး။

မွေးလာပြန်ရင်လဲ၊မွေးစကတဲက ပညာသင်ဘို့ဟာ၊ ဘယ်လောက်လိုသလဲ ဆိုရင်၊ ဥပမာပြပါမယ်။ ခလေးကို မိဘကချစ်လွန်းလို့ ချီ၊ချီ၊နေရင်၊ဒီခလေးဟာ လက်ကြိုက်နေရော၊ အောက်ချထားလို့မရဘူး။ ခလေးအိပ်အောင် သိပ်ချင်ရင်၊ မိဘလုပ်သူက သီချင်းကလေးဆိုပြီး တင်းပါးကလေး ပုတ်သိပ်တယ်။ဟော ဒီခလေးဟာ သီချင်းဆိုပြီး တင်းပါးကိုပုတ်သိပ်မှ အိပ်တယ်။ အဲဒါတွေဟာ မကောင်းတဲ့ပညာတွေဘဲ။ အဲဒါတွေ့ကြည့်ခြင်းဖြင့် မွေးစကတဲကပညာကောင်း



သင်ဘို့ လိုတယ်ဆိုဒါ၊ ထင်ရှားပြီမှုတ်ဘူးလား။ ဗမာဘုရင်များဟာ သားတော်၊ သမီးတော်များ ဖွါးလာရင် မြပုခက်လွှဲပြီး “....သားတော်ရဲ့ ဘေးလောင်းတော်ဟာ ဘယ်တိုင်းပြည်ကို နိုင်တယ်၊ ဘိုးလောင်းတော်က ဆင်ဖြူဘယ်နှစ်စီးရတယ်၊ အစွမ်းဘယ်လိုကောင်းတယ်၊ ဘုန်းမီး၊ နေ၊ လ ဘဲ့လောက် ထွန်းတောက်ပတယ် ” စသဖြင့် (ချေင်း) ဘတ်ကြား ဆက်သစေတယ်။ ဒါဟာ မွေးကာတဲက ဇာတိမာန် ထက်သန်အောင် စိတ်ဓါတ်သွင်းပေးဒါ မဟုတ်ဘူးလား။ ဗမာသစ်တွေကို ဖန်တီးချင်ရင် ဒီပညာတွေသင်ပေးဘို့ကိုလဲ ကြိုးစားကြရမယ်။

## ခလေးကျောင်းတွေဖွင့်ပေးရမည်။

ဗမာပြည်မှာ ခလေးကျောင်းတွေ အများကြီးဖွင့်ပေးရမယ်။ အနောက်နိုင်ငံတွေမှာဒေါ့ နာစရီ (Nursery Schools) ကျောင်းတွေလို့ ခေါ်ဒယ်။ အနည်းဆုံး ရွာငါးရွာကို ဒီလိုကျောင်းမျိုး တကျောင်းကျလောက် ရှိရမယ်။ စာသင်ဒဲ့ကျောင်းတွေမဟုတ်ဘူးနော်။ ဒီကျောင်းတွေမှာ ပညာသင်ပေးမှာက အခြားပညာတွေထက်ဇွဲရှိဘို့ပညာ၊ အမျိုးနဲ့တိုင်းပြည်ကို ချစ်တဲ့ပညာ၊ စည်းကမ်းရှိတဲ့ပညာ၊ ဇာတိသွေး၊ ဇာတိမာန်တက်ဒဲ့ပညာ၊ အမျိုးအတွက်စွန့်စားဒဲ့ပညာ၊ ကိုယ်ကျင့်တရားကောင်းဒဲ့ပညာ၊ အဲဒီပညာခြောက်ရပ်ကို အခြားပညာတွေထက်ပိုပြီးသင်ပေးရမယ်။

## ဒီပညာခြောက်ရပ်တတ်လျှင် နောက်ထပ်ကြွေးမတင်။

အဲဒီကျောင်းတွေမှာ၊ တနှစ်က ငါးနှစ်သားအထိ လက်ခံမယ်။ ခလေးတိုင်း တနှစ်သားရှိရင်၊ဒီကျောင်းကိုထားရမယ်။ မထားမနေရဘူး။ ငါးနှစ်သားရှိမှတခြားစာသင်ကျောင်းကို ပြောင်းနိုင်ဒယ်။ လေးနှစ်လောက်ဒီပညာခြောက်ရပ်ကို ခလေးတွေရဲ့ ဦးနှောက်ထဲ သွင်းပေးလိုက်ရရင် စိတ်ချရပြီ။ နောင် ကြီးပြင်းဒဲ့အခါ၊ ဒေါ်င်လိုက်ကျကျ၊ ပြားလိုက်ကျကျ၊ ကျချင်ဒါနဲ့ ကျပေစေတော့၊ စိတ်မပူရဘူး။ သူတို့ရောက်နေဒဲ့နေရာကနေပြီး ရာဇဝင်ကြွေးတွေဆပ်နိုင်ပြီ။ ဆပ်ရုံသာမကဘူး၊ နောက်ထပ်ပြီး ဘယ်တော့မှ ရာဇဝင်ကြွေးတွေ မတင်အောင်လဲ ဗမာ့ဝန်တွေကို ထမ်းနိုင်ပြီ။

## ဗမာသစ်၏အုတ်မြစ်ကြီး ခြောက်ခု။

ဒုတိယပိုင်းဖြစ်တဲ့အရွယ်ရောက်ပြီးသား ဗမာတွေကို၊ ပညာသင်ပေးဘို့ကျပြန်ဓေါ့လဲ၊ အထက်ကပြောခဲ့ဒဲ့ ပညာရပ်ကြီးခြောက်ရပ်ကို အရင်းခံထားပြီး၊ အခြားပညာရပ်များကို သင်ပေးရမယ်။ ဒီပညာကြီးခြောက်ရပ်ဟာ ဗမာသစ်တွေရဲ့ အုတ်မြစ်ကြီးခြောက်ခုဘဲ။ အိမ်ဘယ်လောက်ဘဲ ကောင်းအောင် ဆောက်ဆောက်၊ အုတ်မြစ်မခိုင်ရင် ပြိုပျက်ကြရသလို၊ အခြားပညာတွေ ဘာတွေဘဲတတ်တတ်၊ ဒီပညာရပ်ကြီး ခြောက်ရပ်ကိုမတတ်ရင် အလဟဿ ဖြစ်မှာဘဲ။

ကဲ….ပညာရေးပြီးလို့၊ စီးပွါးရေးကိုဆက်လိုက်ကြရအောင်။ စီးပွါးရေးဘက်မှာလဲ ရာဇဝင်ကြွေးတွေတင်နေလို့၊ ဗမာတွေရဲ့ပျမ်းမျှခြင်းဝင်ငွေဟာ၊ကူလီရဲ့ဝင်ငွေဖြစ်နေပြီဆိုဒါ၊ ခပ်စောစောက ပြောပြီးပြီနော်။ဒီကြွေးတွေကိုလဲ ဆပ်ရမယ်။ လျှင်လျှင်မြန်မြန်ကြီးဆပ်ရမယ်။

## အစား၊ အဝတ်၊ အိမ် ပြည့်စုံရမည်။

ကျုပ်တို့ဆပ်မဲ့စနစ်ကို ခပ်တိုတိုဘဲ ပြောပြမယ်။ အဘေနဲ့၊ အမေနဲ့၊ သားသမီးတစုကို တအိမ်ထောင်လို့ ခေါ်ကြပါစို့။ အဲဒီအိမ်ထောင်တိုင်း၊ အိမ်ထောင်တိုင်းမှာ၊ လူ့အတွက်အရေးအကြီးဆုံးဖြစ်တဲ့၊ အစားရယ်၊ အဝတ်ရယ်၊အိမ်ရယ်ဆိုဒဲ့ ပစ္စည်းသုံးခုနဲ့ပြည့်စုံရမယ်။ လောကကြီးမှာ၊လူတွေရဲ့ ကျန်းမာရေးနဲ့၊ ကိုယ်ကျင့်တရားပျက်ပြားရတဲ့ အကြောင်းကြီးတွေထဲမှာ၊ အခုပြောခဲ့ဒဲ့ ပစ္စည်းသုံးရပ်ချို့ယွင်းမှုဆိုဒဲ့အကြောင်းဟာ၊ အကြီးတကာ့ အကြီးဆုံးဆိုဒါ အမှတ်ထားကြရမယ်။

လူမျိုးဆိုဒါ အခုပြောခဲ့ဒဲ့ အိမ်ထောင်တွေကို စုပေါင်းထားဒါဘဲ။ အဲဒီဒေါ့ ဒီပစ္စည်းသုံးရပ် ချို့တဲ့ကြလို့၊အိမ်ထောင်တွေဟာ ကျန်းမာရေးနဲ့၊ကိုယ်ကျင့်တရားအရေးမှာ ပျက်စီးကြဒယ်ဆိုရင်၊ အမျိုးပျက်တာဘဲ မှုတ်ဘူးလား။ ။

## ကြွေးတွေကို''အလုပ်''နဲ့ဆပ်။

ကဲ….အမျိုးမပျက်စီးရအောင်၊ စီးပွါးရေးဘက်မှာတင်နေဒဲ့ ရာဇဝင်ကြွေးတွေကိုဘယ့်နှယ်ဆပ်မလဲ။ကျုပ်တို့ရဲ့လုပ်ငန်းက အလွယ်ကလေးပါဘဲ။ ကျုပ်တို့ရဲ့ အာဏာရှင်အဓိပတိကြီး မိန့်မြွက်ဘူးဒဲ့အတိုင်း၊ဒီကြွေးတွေကို၊ကျုပ်တို့ရဲ့အလုပ်နဲ့ဆပ်ရမယ် (အလုပ်၊အလုပ်၊အလုပ်) ဒီအလုပ်ဟာအရေးအကြီးဆုံးပါဘဲ။အဲဒီဒေါ့ အိမ်ထောင်တိုင်း ကိုယ့်အလုပ်နဲ့ကိုယ် ရှိကြဘို့၊ကျုပ်တို့တာဝန်ယူပြီးရှာပေးမယ်။ စာရေး၊စာချီ၊မြို့အုပ်၊မြို့ချုပ်ဆိုဒဲ့လခစားအလုပ်တွေမှ အလုပ်လို့မမှတ်လိုက်ပါနဲ့။ အမျိုးနဲ့၊တိုင်းပြည်အတွက်ကြီးပွါးဘို့အလုပ်တွေ၊ရာဇဝင်ကြွေးဆပ်ရမဲ့အလုပ်တွေ တောင်ပုံ၊ရာပုံ၊ရှိနေပါသေးဒယ်။ ။

## အိုးအိမ်မဲ့မဖြစ်ရအောင်။

အဲဒီအလုပ်လုပ်နေတဲ့လူတွေ မကျန်းမမာဖြစ်တဲ့အခါ၊ မရှောင်မလွှဲသာတဲ့အကြောင်းတခုခုကြောင့် အလုပ်လက်မဲ့ဖြစ်တဲ့အခါ၊ အိုးမဲ့၊အိမ်မဲ့ မဖြစ်ရအောင်၊ အသက်အာမခံနဲ့သဘောခြင်းတူဒဲ့ ''အိုး၊အိမ် အာမခံ''တွေကိုလဲ ကျုပ်တို့လုပ်ပေးမယ်။ကျုပ်တို့အမျိုးဟာ အိုးမဲ့၊အိမ်မဲ့၊စားရမဲ့၊သောက်ရမဲ့ဖြစ်လို့ ပျက်စီးရဒယ်ဆိုဒါ၊ ဗမာမြေကြီးပေါ်ကတခါထဲပျောက်သွားရအောင်၊ကျုပ်တို့ရှေ့ဆောင်မယ်။



## ဗမာတမျိုးလုံးက ဝိုင်းဆပ်ကြ။

ကဲ….ဗမာ့ရာဇဝင်ကြွေးတွေဟာ ဘာတွေဆိုဒါ ပြောပြီးပြီ။ ဒီကြွေးတွေကို ဘယ်လိုဆပ်မယ် ဆိုတာလဲ ပြောပြီးပြီ။ဘယ်သူတွေဆပ်ရမယ်ဆိုဒါအခုပြောဒေါ့မယ်။ အဲဒီ ဆပ်ရမဲ့လူတွေက တခြားလူတွေမှုတ်ဘူး။ လဲ့နေ လျှောအောင်း၊ မြင်းဇောင်း မကျန်၊ ဗမာပြည်တွင်းမှာနေကြဒဲ့ ဗမာတွေအားလုံးဘဲ၊ ဒီရာဇဝင်ကြွေးကြီးကို ဆပ်ဘို့ဆိုဒဲ့တာဝန်ဟာ နဲတာမှုတ်ဘူးနော်။ ဒီကြွေးတွေကို အစိုးရဆပ်လိမ့်မယ်။ ဒို့လက်ပိုက်ကြည့်နေမယ်ဆိုလို့ ပြီးကြဒါမှုတ်ဘူး။တမျိုးလုံးပေါ်မှာတင်နေဒဲ့ကြွေးကို၊တမျိုးလုံးက ဝိုင်းပြီးဆပ်မှဘဲကြေမယ်။ ။

## တပ်ကြီး ၁၀ တပ်နဲ့ဆပ်ကြစို့။

သွေးနဲ့ဆပ်နိုင်တဲ့လူတွေက သွေးနဲ့၊ ချွေးနဲ့ဆပ်နိုင်တဲ့လူတွေက ချွေးနဲ့၊ လက်ရုံးနဲ့ဆပ်နိုင်တဲ့လူတွေကလက်ရုံးနဲ့ဆပ်။ နှလုံးနဲ့ဆပ်နိုင်တဲ့လူတွေကနှလုံးနဲ့ဆပ်။ အဲဒီလို တမျိုးလုံး ဝိုင်းပြီးဆပ်နိုင်ဘို့၊ဗမာတမျိုးလုံးကို တပ်ကြီး ၁၀ တပ်ဖွဲ့မယ်လို့ ကျုပ်တို့ရဲ့အာဏာရှင်အဓိပတိကြီးကိုယ်တိုင် ကျေညာခဲ့ပြီးပြီ။

**အင်းဂလိပ်တွေရှိတုံးက၊** တိုင်းပြည်မှာ အစိပ်စိပ်ကွဲ၊ နိုင်ငံရေးအဖွဲ့တွေကလဲ **တဖွဲ့နှင့်တဖွဲ့**တိုက်၊ အစိုးရအရာရှိတွေကလဲ၊အင်းဂလိပ်ဘက်တော်သားတွေဆိုပြီး၊ **တိုင်းပြည်**ကိုရန်လုပ်၊ **တိုင်းပြည်**ကလဲ၊ အစိုးရသားတွေကို တိုင်းပြည်ရဲ့ရန်သူတွေ **ဆိုပြီး၊ အယုံအကြည်**ကင်း၊ လူကြီးတွေကလဲ၊လူငယ်တွေကိုအထင်သေး၊ လူငယ် **တွေကလဲလူကြီးတွေကို** ကလော်ဆဲ၊တိုင်းပြည်ကြီးမှာ ကွဲချင်တိုင်းကွဲခဲ့ကြဒါဘဲ။

**အခုတော့** ဗမာ့ရာဇဝင်ကြွေးဆပ်ရမဲ့ တပ်ကြီး ၁၀ တပ်ထဲမှာ၊ **အစိုးရအရာရှိတွေရဲ့**တပ်လဲ ပါတယ်။ တိုင်းသူပြည်သားတွေရဲ့တပ်လဲပါတယ်။ လူကြီး **တွေရဲ့** တပ်လဲ ပါတယ်။ လူငယ်တွေရဲ့တပ်လဲ ပါတယ်။ တပြည်လုံးမှာရှိဒဲ့ ဗမာ **မှန်သမျှဟာ၊ အရင်တုံးကလို အကွဲကွဲ၊အပြားပြားမဟုတ်တော့ဘူး။ ရေသောက် မြစ်ကြီးတခုထဲက၊ ဖြာထွက်နေတဲ့ အကိုင်းအခက်တွေလို၊** ဗမာတမျိုးလုံးဟာလဲ၊ **ကျုပ်တို့ရဲ့အာဏာရှင်အဓိပတိကြီးက** ဖြာထွက်နေတဲ့ **တပ်မကြီး ၁၀ တပ်ရဲ့ တပ်သားတွေဖြစ်ကြဒေါ့မှာဘဲ။**

**ဗမာ့ရာဇဝင်ကြွေးကြီးကို ဆပ်ဘို့အတွက်၊ ဒီတပ်ကြီး ၁၀ တပ်**ဟာ၊ ကိုယ် **နိုင်ဒဲ့ ဝန်ကို၊ကိုယ်ထမ်းကြရမယ်။ ရှေးတုံးကလို၊ ငါအစိုးရအရာရှိတဲ့ဆိုပြီး၊**လက်ပိုက်ကြည့်နေလို့လဲမရဘူး။ **ငါလူငယ်တဲ့ဆိုပြီးဒေါ့ လူကြီးတွေကို** ကလော်ဆဲနေလို့လဲမဖြစ်တော့ဘူး။ လူကြီးတွေကလဲ **လူငယ်တွေကို အထင်သေးနေဘို့ အချိန်မရှိဒေါ့**ဘူး၊ အားလုံး တညီတညွတ်ထဲ **ကျုပ်တို့ တမျိုးလုံးကို မျိုဝါးနေတဲ့** ရာဇဝင်ကြွေးကြီး ဝိုင်းပြီးဆပ်ရမယ်။

## တလမှာ နေ့တ်နေ့ရွေး (တသွေး-တသံ-တမိန့်နေ့)။

ဥပမာ။ ။ဒီရာဇဝင်ကြွေးကြီးကို ဆပ်ဘို့ လုပ်ငန်းတွေအတွက် ငွေလိုဒယ်။ ဒီငွေကို အစိုးရကချည်းဘဲ အကုန်မခံနိုင်ဘူး။ တိုင်းပြည်ကလဲ အလှူခံရလိမ့်မယ်။ အဲဒီဒေါ့၊တလမှာနေ့တ်နေ့ရွေး။ဒီနေ့ကို (တသွေး-တသံ-တမိန့်နေ့) လို့ခေါ်ကြပါစို့။ အဲဒီနေ့မှာ ပစ္စည်းဘက်မှာဘဲဖြစ်ဖြစ်၊ ရာထူးဘက်မှာဘဲဖြစ်ဖြစ်၊ အထက်တန်းစားဖြစ်တဲ့လူတွေဟာ၊ သူတို့ကိုယ်တိုင်က ထဲ့ရုံ မကသေးဘူး၊ ဖလားတွေ ပိုက်ပြီး တအိမ်တက်ဆင်း အလှူခံရမယ်။

ဥပမာ။ ။ဆင်းရဲသူ၊ ဆင်းရဲသားတွေအတွက်၊တဲတွေ ထိုးပေးရမယ်ဆိုပါဒေါ့၊ ငါက ဝါးဘိုး ဘယ့်လောက်ထဲ့မယ်၊ဆိုရုံနဲ့ မပြီးသေးဘူး။ မတတ်သာ၊ အနဲဆုံး ဝါးလုံးတွေကို နိုင်သလောက်သယ်ပေးခဲ့ရမယ်။ နှီးကလေး ငါးပင်ဖြစ်ဖြစ်၊ ဝင်ပြီးချည့်ပေးလိုက်ရမယ်။ ဒီအလုပ်တွေကို လုပ်ပေးနေဒဲ့ ဗမာ့လက်ရုံးတပ်သားတွေ စားဘို့သောက်ဘို့အတွက်၊ ထမင်းထုပ် ကောက်ပေးရမယ်။အဝတ်အစား၊ဆေးလိပ်၊မီးခြစ် အစရှိဒဲ့ပစ္စည်းတွေကို၊လက်ရုံးတပ်သားများကို လှူချင်ဒဲ့ အလှူရှင်တွေဆီက စုပြီးပေးရမယ်။ အခုပြောဒါတွေက အချိန်မရှိလို့ ဥပမာတခုနှစ်ခုကိုသာ ပြလိုက်ထာ။

အဲဒီလိုလုပ်လိုက်ကြရင်၊ဆင်းရဲသားရယ်၊ အစိုးရရယ်၊ လူကြီးရယ်၊ လူငယ်ရယ်၊ မနရှင်ရယ်၊အလုပ်သမားရယ်ဆိုပြီး၊တိုင်းပြည်မှာသွေးအမျိုးမျိုးကွဲနိုင်ပါအုံးမလား။ တယောက်ကိစ္စရှိရင် တယောက်ကူ။ တယောက်အကြောင်းဆိုရင် တယောက်ကစောင့်ရှောက်။ ဗမာတမျိုးလုံးဟာ ရေပက်လို့ ဝင်ဒေါ့မယ်မဟုတ်တော့ဘူး။

ကိုင်း....ကျုပ်ပြောဒါတွေလဲ အတော်ရှေသွားပြီ။လှဲနေ လှေအောင်း၊ မြင်းဇောင်းမကျန်၊ဗမာတိုင်းထိပ်မှာ သံမှိုနဲ့နှက်ထားသလိုနားလည်ထားစေချင်ဒါက တခြားဟာမဟုတ်ဘူး၊ ဒီရာဇဝင်ကြွေးကြီးကို မဆပ်ကြသရွေ့၊ ကျုပ်တို့ရဲ့ဗမာတမျိုးလုံးဟာ ဘယ်တော့မှ နလုံမထူနိုင်ဘူးဆိုဒါပါဘဲ။

## မဆပ်ကြလျှင် တမျိုးလုံးနလံမထူ။

ဒီကြွေးကြီးဟာ အင်မတန်ဘဲကြီးကျယ်တဲ့ အကြွေးကြီးဖြစ်လို့၊ နေ့ခြင်း၊ ညခြင်း ဆပ်လို့ဒေါ့ကုန်နိုင်မယ်မဟုတ်ဘူး။ဇွဲကောင်းကောင်းနဲ့ ဆပ်ကြရလိမ့်မယ်။ အကယ်၍ စစ်ကြီးအတွင်းဖြစ်နေလို့၊အကြောင်းမညီညွတ်ထာကြောင့်၊ ကြွေးကြေအောင်မဆပ်နိုင်သေးရင်လဲ၊ စစ်ကြီးပြီးဒဲ့အခါ အကုန်ဆပ်နိုင်ကြရအောင်၊ကျုပ်တို့တတွေ အခုကထဲက၊တစတစ အုတ်မြစ်ချသွားကြရမယ်။စစ်အတွင်းမှာ စစ်ကို အနှောက်အယှက်မပေးဘဲ၊ဒီကြွေးကြီးကို ဆပ်နိုင်ဒဲ့ဟာတွေရှိရင်လဲ၊ခုစစ်အတော့



အတွင်းမှာ ဆပ်မှာဘဲ။ ဘယ်နည်းနဲ့ပဲဆို ဒီရာဇဝင်ကြွေးကြီးကိုဒေါ့ မဆပ်လို့မဖြစ်ဘူး၊ ဆပ်ကြရမှာဘဲ။ ဒီကြွေးကြီးကိုဆပ်ကြဒါ သူတယောက်ထဲ ကောင်းဘို့လဲမဟုတ်၊ငါတယောက်ထဲ ကောင်းဘို့လဲမဟုတ်၊ မဆပ်ကြရင်တမျိုးလုံး နလံမထူနိုင်အောင် ပျက်စီးကြရမည့်အရေးကြီး ဖြစ်တဲ့အတွက်၊ ဗမာတမျိုးလုံးကို ဗမာသစ်တွေ ဖြစ်အောင် ဖန်တီးပေးနိုင်ဒဲ့၊ ခေတ်ကောင်းကြီးနဲ့ ကြုံကြိုက်နေဒဲ့အခါမှာ၊ ဒီ တာဝန်ကြီးကို ဒို့တတွေ ထမ်းရဒေါ့မယ်လို့ ဂုဏ်ယူကြပြီး၊ ဇွဲကောင်းကောင်း၊ သတ္တိကောင်းကောင်း၊ စည်းကမ်းကောင်းကောင်း၊ အမိဋ္ဌာန်ကောင်းကောင်းနဲ့ ကျုပ်တို့ရဲ့ အာဏာရှင်အမိပတိကြီးရဲ့ ညွှန်ကြားရာကို လိုက်နာကြရန် အသင့်ပြင်ထားကြဘို့၊လေးနက်စွာနှိုးဆော်သတိပေးလိုက်ပါဒယ်။